ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (30-4-2011)(ဖြ၇၄၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မွေးကင်းစကလေးစောင့်ရှောက်မှု ကွန်ရက်ထူထောင်ရေး ဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးဌာနစိတ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မွေးကင်းစကလေးစောင့်ရှောက်မှု ကွန်ရက်ထူထောင်ရေး အစည်းအဝေး (Child Survival Forum: Advocacy and coordination meeting on newborn networking) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာ၌ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက် အမှတ်(၄)ဖြစ်သော ကလေးသေဆုံးမှု ကျဆင်းရေး အတွက် မွေးကင်းစကလေး နာမကျန်းမှုများ၊ သေဆုံးမှုများကို လျှော့ချနိုင်ရန် မွေးကင်းစကလေးစောင့်ရှောက်မှု အရည်အသွေးကို မြှင့်တင်နိုင်ရေးနှင့် မွေးကင်းစကလေး စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များအသုံးပြုနိုင်ရေးသည် များစွာ အရေးကြီးကြောင်း၊ မွေးကင်းစကလေး စောင့်ရှောက်မှုကို ဆောင်ရွက်လျက် ရှိကြသော အဖွဲ့အစည်းများအတွင်း ပိုမိုလက်တွဲပူးပေါင်း လုပ်ကိုင်နိုင်ရန်အတွက် မွေးကင်းစကလေး စောင့်ရှောက်မှု ကွန်ရက်ထူထောင်မှုသည် လွန်စွာအရေးပါကြောင်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုများအနက် အဓိကဖြစ်သည့် မွေးကင်းစကလေးသေဆုံးမှုကို လျှော့ချနိုင်ရန်အတွက် မိခင်နှင့် မွေးကင်းစကလေး စောင့်ရှောက်မှုကဏ္ဍကို ပိုမိုဦးစားပေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကားနှင့်ရထား နှစ်မျိုးသွားနိုင်မည့် ဧရာဝတီတံတား(မလွန်)

ဧရာဝတီတံတား(မလွန်) မိကျောင်းရဲဘက်ကမ်း ချဉ်းကပ်တံတား(ကားလမ်း) အား ကွန်ကရစ်ကြမ်းခင်း လောင်းနေစဉ်။

ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက်မှ ပဉ္စမလမ်းဖြစ်သည့် နေပြည်တော်ပျဉ်းမနား-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းပေါ်၌ ကျွန်တော်တို့အဖွဲ့အား တင်ဆောင်လာသော ဆူပါစလွန်းကားလေးသည် တရိပ်ရိပ်ပြေးလျက်ရှိသည်။

ဦးတည်မောင်းနှင်နေသည်က မကွေးတိုင်းဒေသကြီးအတွင်းသို့ဖြစ်သည်။ မကွေးသည် မြေလတ်ဒေသဖြစ်၍ တောင်တွင်းကြီးမြို့အစပ်ရောက်သည်နှင့် ထနောင်း၊ မန်ကျည်းနှင့် တမာ ရနံ့တို့က ထုံသင်းစပြုလာသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ - ကျော်မိုးလွင်

ယနေ့ ကြေးမုံ သတင်းအညွှန်း

မြစ်ဆုံတမံရှိ ဧရာဝတီတံတား တည်ဆောက်သတ်မှတ်ချိန် ပြီးစီးရေး မှာကြား

သတင်း စာမျက်နှာ - ၃

ဗြိတိန်ဘုရင်စနစ်၏ အသက်ရှုပေါက် (သို့မဟုတ်) ခမ်းနားလှသော တော်ဝင်လက်ထပ်ပွဲ

သတင်း စာမျက်နှာ - ၄

ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာနှင့် မော်ရင်ဟိုတို့၏ အရှုပ်တော်ပုံ

သတင်း စာမျက်နှာ - ၁၁

ကြေးမုံ
The Mirror
၃၀-၄-၂၀၁၁
(စနေနေ့)

စာပေမပြတ်ဖတ်ရှုလေ့လာ စာကြည့်တိုက်များဝေဆာ

စာတတ်မြောက်ခြင်းသည် ဘဝလူနေမှုအဆင့်အတန်းကိုသာမက မိသားစု၊ ရပ်ရွာနှင့် လူမှုအဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ စာပေသင်ယူခြင်း၊ စာပေဗဟုသုတလေ့လာဆည်းပူးခြင်း၊ စာပေဖတ်ရှုခြင်းတို့ကို အစဉ်တစိုက် ကျင့်သုံးနေသင့်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာ နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။ ၂၁ ရာစုကို ပညာခေတ်ဟု ခေါ်တွင်နေကြပြီ။ စာတတ်မြောက်ရေးသည် စာဖတ်တတ်ရန်သာမက ကမ္ဘာ့ရေးရာ ဗဟုသုတအဖြာဖြာကို လေ့လာသိရှိ တွေးခေါ်မြော်မြင်နိုင်သည်အထိ အကျိုးဖြစ်ထွန်းနေမည် ဖြစ်သည်။

လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းလျက်ရှိသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းအားထုတ်မှုဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ အောင်မြင်မှုရရှိနေပြီ။ သက်ကြီးစာတတ်မြောက်သူ ၉၄ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိလာခဲ့ပေပြီ။

စာတတ်မြောက်ပြီးသူတိုင်း စာဖတ်သည့် အလေ့အထစွဲမြဲနေရန် လိုအပ်သည်။ စာတတ်မြောက်သူတိုင်း စာဖတ်ရှိန်မြှင့်တင်ပေးနိုင်သည့် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ငါးသောင်းကျော်အထိရှိနေပြီ။ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းမှုဖြင့် စာကြည့်တိုက်များ တိုး၍ ဖွင့်လှစ်နေဆဲဖြစ်သည်။

ယခုလပိုင်းအတွင်း ဘားအံမြို့နယ် ဝါးဆူးကျေးရွာ၊ ကျိုးခါးမြို့နယ် ဟိုင်ကျင်းကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ် ဖူထိကျေးရွာ၊ ကလေးမြို့နယ် အောင်မြင်သာကျေးရွာ၊ ငါန်းဇွန်မြို့နယ် တောင်လယ်တောကျေးရွာတို့၌ စာကြည့်တိုက်အဆောက်အအုံသစ်များ၊ စာကြည့်တိုက်များ ထပ်မံဖွင့်လှစ်ခဲ့သည်။ ပရိဘောဂ၊ စာအုပ်စာစောင်များနှင့် အလှူငွေများ လှူဒါန်းကြသည်။ စာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်ကြရပေဦးမည်။

နိုင်ငံ၏ စာတတ်မြောက်မှုနှုန်း မြင့်မားလာခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ စာတတ်မြောက်ပြီးသူများ တတ်မြောက်ပြီးသည့်စာ မမေ့စေရေး အရေးကြီးသည်။ စာတတ်သူတိုင်းလည်း စာပေဖတ်ရှုကြရန် လိုအပ်သည်။ လက်လှမ်းတမီ စာပေလေ့လာနိုင်သည့် စာကြည့်တိုက်များ တိုးပွားဝေဖြာလျက်ရှိရာ ပြည်သူတိုင်းက နေ့စဉ်မပြတ် စာပေဖတ်ရှုကြခြင်းဖြင့် ဗဟုသုတ အသိပညာ အတွေးအခေါ်များ ပိုမိုတိုးတက်မြင့်မားနေမည် ဖြစ်ပါသည်။ ။

သံဃာတော်များ ဆေးကုသမှုဆိုင်ရာ အဆင့်မြင့် ခြောက်ထပ်ဆေးရုံသစ်ကြီး ယခုနှစ်အတွင်း ပြီးစီးမည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်အပါး ၅၀ တို့ကို အတွင်းလူနာအဖြစ် လက်ခံကုသပေးလျက်ရှိသည်။

ထို့ပြင် သံဃာတော်များဆေးကုသမှုဆိုင်ရာ အဆင့်မြင့် ခြောက်ထပ်ဆေးရုံသစ်ကြီးကို ယခုနှစ်အတွင်း အပြီးတည်ဆောက်လျက်ရှိသည်။ တန်ဖိုးအားဖြင့် ငွေကျပ်သိန်းပေါင်း ၇၂၀၀ ခန့်ဖြစ်ပြီး သံဃာတော်အပါး ၁၂၀ ကျော် တက်ရောက်ဆေးဝါးကုသမှု ခံယူနိုင်သည်။ ယခုလက်ရှိတွင် အဆင့်မြင့် ခြောက်ထပ်အနက် နှစ်ထပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၉

၁၉၉၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့)တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် မောင်မောင်ဦး ဖုန်း-၀၉-၅၄၀၄၇၅၆၊ လဲ့လဲ့ဝင်းသန်း ဖုန်း-၀၉-၇၃၁၂၂၆၄၇၊ ကြည်ကြည်သန့် ဖုန်း-၀၉-၅၁၈၁၅၂၀၊ ထားအိဝင်း ဖုန်း-၀၉-၅၁၀၂၆၆၈၊ ခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁၁၉၉၁၇၊ သူဇာဝင်း ဖုန်း-၀၉-၅၀၇၉၇၂၃၊ အိအိဖြိုး ဖုန်း-၀၉-၇၃၁၀၅၀၃၅၊ ကျင်ကျင်ဆွိ ဖုန်း-၀၉-၇၃၀၉၂၃၉၂၊ စိုးမိုးအောင် ဖုန်း-၀၉-၇၃၁၀၆၉၉၇နှင့် မေသဇင်ဖူး ဖုန်း-၀၉-၅၀၈၇၄၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ညောင်ဦးခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားများ၏ ဘဝတိုးတက်အောင် အတိုးနှုန်းသက်သာစွာ ငွေချေးပေးနိုင်ရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

ဝန်ထမ်းများသည် မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းများကို အရည်အချင်းပြည့်ဝစွာဖြင့် ရိုးသားစွာ စေတနာထား၍ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပြည်သူအပေါ် အမိန့်ပေးခိုင်းစေရမည်မဟုတ်ဘဲ ဝန်ထမ်းသည် ပြည်သူကို အလုပ်အကျွေးပြုရမှာဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဧပြီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် အနော်ရထာခန်းမ၌ ကျင်းပသည့် ညောင်ဦးခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ၌ပြောကြားခဲ့သည်။

ဆက်လက်၍ မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများ၏ စာရင်းဇယားများ၏ ကိန်းဂဏန်းများ မှန်ကန်ရေး၊ အခြေအနေမှန်များကို တင်ပြရေး၊ တောင်သူလယ်သမားများ၏ဘဝ တိုးတက်အောင် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးနိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ကျောက်ပန်းတောင်းမြို့ စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေမှုအခြေအနေကို လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် မကျီးတန်းကျေးရွာအုပ်စု ပြင်းကွင်းအမှတ်(၂၂၇၀) တောင်သူ ဦးသိန်းအောင်၏ ကြက်မောက်တောင်ဆည်ရေသောက် ရွှေမနော် ဧက ၅၀ ၌ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် သဲတောဝမ်းတွင်း အရှေ့ဘက်ရှိ မိတ္ထီလာလွှင်ပြင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း၊ နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်း၊ ဇော်ဂျီဘက်စုံရေလှောင်တမံစီမံကိန်း (၁၉၉၇-၁၉၉၈ ပြီးစီး)၊ မြို့ကြီးရေလှောင်တမံစီမံကိန်း၊ မိတ္ထီလာလွှင်ပြင် မြောင်းမကြီးစီမံကိန်းတို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါက်တာခင်မောင်တင်-ဒေါက်တာခင်မျိုးသိန်း၊ သမီး ဒေါက်တာဝင်းလဲ့ဖြိုးမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေ ကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးမောင်တင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မေလထုတ် မြဝတီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် ဧပြီ ၂၉

မေလထုတ် မြဝတီမဂ္ဂဇင်းတွင် သရုပ်ဆောင်မေသက်ခိုင်၏ မျက်နှာဖုံးနှင့်အတူ မင်းမောင်နွယ် (မွန်ဌာနီ)၊ မောင်ငြိမ်းရည် (မင်းကင်း)၊ စလင်းဘုန်းကျော်၊ ညွှန့်ဝေ (ကသာ)၊ မောင်စိမ်းနောင် (လယ်ဝေး) တို့၏ ကဗျာများ၊ တင်အောင်နီ၊ ငွေကြည်၊ မြေဇာ၊ ဖရုံသီး၊ ဟန်ထွေးနိုင်တို့၏ ကာတွန်းများ၊ ညောင်ဦးဖိုးချို၏ "လုပ်အားဖြင့် အလှဆင်" ဆုရခါတ်ပုံ သုံးသပ်ချက်များ၊ ရှင်ညာဏ (ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဒေါက်တာသန့်စင်၊ မောင်ခင်မင်(ဓနုဖြူ)၊ မောင်စူးစမ်း၊ ဗိုလ်ကလေးတင့်အောင်၊ ကျော်ကျော်လင်းအောင်၊ မောင်စိုးထိုက် (သုံးဆယ်)၊ ပီကျော်ဟန်၊ တက္ကသိုလ်တင်ခ တို့၏ သုတ၊ ရသ၊ ဗေဒင်၊ ဟာသနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ရသစုံဝတ္ထုတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၁) (၃၂) လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃၊ ၅၄၄၈၉၄ (ဖြန့်ချိရေး) သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPL စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

နေပြည်တော် ဧပြီ ၂၉

၂၀၁၁ ခုနှစ် ဧပြီ ၃၀ ရက်တွင် ကျရောက်မည့် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း အချိန်ပိုင်းအလုပ်အမှုဆောင် တိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်၍ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေး ပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသောင်းထိုက်က အမှာစကားပြောကြားပြီး ရောဂါရှာဖွေရေးဓာတ်ခွဲခန်း သုတေသနအရာရှိ ဒေါက်တာဝင်းမြင့်က ခွေးရူးရောဂါအကြောင်း ဟောပြောဆွေးနွေးသည်။

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ခွေးကောင်ရေ ၁၀၀ ခန့်ကို နံနက် ၉ နာရီမှစ၍ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	ကဗျာပန်းဉယျာဉ်
၈း၂၅	၇။	"စည်းကမ်းလိုက်နာဘေးကင်းမှာ"
၈း၄၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅	၅။	Yan Can Cook
၁၂း၅၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၇)**
၁း၄၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၀၅	၈။	"မျက်ရည်စက်များကင်းစေချင်"
၂း၃၅	၉။	အတီးပြိုင်ပွဲ
၂း၅၀	၁၀။	International News
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၆။	"ရတနာစုံညီနေပြည်တော်ဆီ"
၅း၁၀	၇။	တေးဂီတအစီအစဉ်
၅း၂၀	၈။	International Science News
၅း၃၀	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅	၁၃။	ယဉ်တစ်ကိုယ်မယ် (နေနေ)
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၆)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၁၉။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၉)**
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁)**
	၂၁။	ဂီတတံခါးလေးဖွင့်ပါဦး
	၂၂။	အစီအစဉ်ပြီး၏။

❖ မွေးကင်းစကလေးမှ

မြှင့်တင်ဆောင်ရွက်ရန် လိုကြောင်း။

မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိကြသူများအား မွေးကင်းစကလေး ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးရန်လိုကြောင်း၊ အဆိုပါ သတင်းအချက်အလက်များသည် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြပ် ကြည့်ရှုခြင်းများအတွက် များစွာ အသုံးဝင်ကြောင်း၊ မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးပေးနေကြောင်း။

သို့ဖြစ်၍ မွေးကင်းစကလေး စောင့်ရှောက်မှုကွန်ရက် ထူထောင်ရေးအတွက် မိခင်နှင့်မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိကြသူများ အတူတကွ ပိုမိုလက်တွဲပူးပေါင်းဆောင်ရွက်ရန်အရေးကြီးကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင်လည်း အဆိုပါကွန်ရက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကွန်ရက် ဖွဲ့စည်းခြင်းဖြင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုများကို တညီတညွတ်တည်း ပိုမိုဆောင်ရွက်နိုင်ကြပြီး အကောင်းဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Ramesh Shrestha ကိုယ်စား Young Child Survival and Development ဌာနမှူး Dr. Marinus Gotink က အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေးကဆောင်ရွက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူ ပညာရှင်များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ကလေးအထူးကု ဆရာဝန်ကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မွေးကင်းစကလေးစောင့်ရှောက်မှုကွန်ရက် ထူထောင်ရေး အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဝန်ထမ်းများတွေ့ဆုံပွဲ ကျင်းပ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဓိက ရည်မှန်းချက်တာဝန်ကြီး(၃)ရပ်အပေါ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ လတ်တလောဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရှေ့ရည်မှန်းချက် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနား၌ မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးဌာနမှူးများ၊ အထူးခရိုင်ဦးစီးဌာနမှူးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လမ်းအမည်များ၊ လမ်းညွှန်ဆိုင်းဘုတ် အသစ်များ ယနေ့စတင်စိုက်ထူ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပျက်စီးနေသော လမ်းအမည်များ၊ ဆေးသားများပျက်နေသော လမ်းညွှန်ဆိုင်းဘုတ်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က အသစ်ပြန်လည်ရေးဆွဲစိုက်ထူသွားမည် ဖြစ်သည်။

ယခုအခါ လမ်းသွားလမ်းလာပြည်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ယာဉ်မောင်းများ၊ လမ်းအမည်များ၊ လမ်းညွှန်ဆိုင်းဘုတ်များကို မြင်သာထင်သာရှိစေရန် (၈×၄)ပေ အရွယ်အစားရှိ လမ်းညွှန်ဆိုင်းဘုတ်များကို ယနေ့မှစ၍ ဝေဇယန္တာလမ်းမကြီးနှင့် လေးဒေါင့်ကန်လမ်းဆုံတွင် စတင်စိုက်ထူနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

(သတင်းစဉ်)

အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စုများအား အထောက်အပံ့ပစ္စည်းနှင့် သီးနှံနှစ်နာကြေးပေးအပ်ပွဲ မြစ်ကြီးနား၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၉

တန်ဖဲကျေးရွာ၊ ကျိန်ခရန်ကျေးရွာ၊ မြစ်ဆုံကျေးရွာတို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စုများအား ဆန်၊ ပံ့ပိုးငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် သီးနှံနှစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် အောင်မြင်သာစံပြကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးညွန့်အောင်၊ ပညာရေး၊ လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်နှင့် CPI ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောင်းရွှေ့လာသည့် အိမ်ထောင်စု ၄၁ စုတို့အား ထောက်ပံ့ငွေကျပ် တစ်သိန်းစီကို ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြောင်းရွှေ့လာသည့် တန်ဖဲကျေးရွာမှ အိမ်ထောင်စု ၄၁ စုနှင့် မလိယန်ကျေးရွာမှ အိမ်ထောင်စု ၈၅ စုတို့အတွက် ဆန်၊ ခြင်ထောင်နှင့် ရုပ်မြင်သံကြားပြစက်များ၊ တန်ဖဲကျေးရွာ တောင်သူများထံမှ နှစ်ရှည်သီးပင် နှစ်နာကြေးပေးရန် ကျန်ရှိသူတောင်သူငါးဦးတို့အား သီးနှံနှစ်နာကြေးငွေများကိုပေးအပ်ပြီး ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားကာ အောင်မြင်သာ စံပြကျေးရွာအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြစ်ဆုံတမံရှိ ဧရာဝတီတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဧရာဝတီတံတား တည်ဆောက်ရေး CPI ကုမ္ပဏီ ဒုတိယတာဝန်ခံ မစ္စတာလီကန်းက ဧရာဝတီတံတား ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က တံတားရေရှည်ကြံ့ခိုင်ရေး၊ သတ်မှတ်ချိန် စီမံကိန်းကာလအတွင်း ပြီးစီးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်း အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများအားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း မြစ်ဆုံတမံရှိ ဧရာဝတီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြစ်ကြီးနား၌ သူနာပြုဦးဆောင်းအပ်နှင်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၉

အပတ်စဉ်(၁၈) သူနာပြုဒီပလိုမာ သုံးနှစ် သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် သူနာပြုဦးဆောင်း အပ်နှင်းခြင်း အခမ်းအနားကို ဧပြီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပရာ ကချင်ပြည်နယ် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ထွန်းက အမှာစကား ပြောကြားပြီး ပြည်နယ်သူနာပြုသင်တန်းကျောင်းအုပ်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဂျူတီကုတ်နှင့် သူနာပြုဦးဆောင်းများ အပ်နှင်းခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် သင်တန်းသားများ၏ အခြေခံအရည်အချင်းစစ် စာမေးပွဲတွင် ထူးချွန်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဘောဂသိဒ္ဓိလမ်း ADIWARNA TRADING CO., LTD. & BABY LAND MFG CO., LTD. မှ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံစဉ်။

(ကြေးမုံ)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ဗြိတိန်ဘုရင်စနစ်၏အသက်ရှူပေါက် သို့မဟုတ် ခမ်းနားလှသော တော်ဝင်လက်ထပ်ပွဲ

လန်ဒန် မေ ၂၉

ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်-၂ ၏ မြေးတော်ဝီလျံမင်းသားနှင့် ၎င်း၏လက်တွဲဖော် ကိတ်မစ်ဒယ်လ်တန်တို့၏ မင်္ဂလာပွဲကို မေ ၂၉ ရက်က လန်ဒန်မြို့တော် ဝက်စ်မင်စတာဘုရားကျောင်း၌ ခမ်းနားသိုက်မြိုက်စွာ ဝှဲချီးကျင်းပခဲ့သည်။

ရှေ့ဆက်ရပ်တည်နိုင်ရန် လူးလွန့်ရုန်းကန်နေရသော ဗြိတိန်ဘုရင်စနစ်ကို အသက်ရှူပေါက်ပေးခဲ့သော တော်ဝင်မင်္ဂလာပွဲသို့ ဗြိတိန်နိုင်ငံသား သန်းနှင့်ချီ၍ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆင်စွယ်ရောင် လက်ထပ်ဝတ်စုံကို ဝတ်ဆင်ထားသည့် မဟေသီလောင်း ကိတ်မစ်ဒယ်လ်တန် ဝက်စ်မင်စတာ ဘုရားကျောင်း၏ အလယ်မင်းလမ်း တစ်လျှောက် လျှောက်လှမ်းလာသည့် မြင်ကွင်းကို တစ်ကမ္ဘာလုံးရှိ ရုပ်မြင်သံကြားကြည့်ရှုသူ နှစ်ဘီလီယံတို့က စောင့်ကြည့်နေခဲ့ကြသည်။

ယင်းနောက် ကြက်သွေးရောင်စစ်ဘက်ဆိုင်ရာဝတ်စုံကို ဝတ်ဆင်သော ဝီလျံမင်းသားက ကြင်ရာတော်လောင်း၏ အလှကို ချီးမွမ်းစကားဆိုပြီးနောက် မင်္ဂလာမောင်နှံနှစ်ဦးတို့သည် ကင်တာဘာရီဂိုဏ်းအုပ်ဘုန်းတော်ကြီးရှေ့မှောက်၌ အပြန်အလှန် ကတိသစ္စာများဖြင့် သိကြားစေသက်သေညွှန်းခဲ့ကြသည်။

ဝီလျံမင်းသားနှင့် ကိတ်မစ်ဒယ်လ်တန်တို့၏ တော်ဝင်မင်္ဂလာပွဲကို ကြည့်ရှုရန်အတွက် လူတစ်သန်းကျော်ခန့်သည် လန်ဒန်မြို့တော်လမ်းမများပေါ်၌ စီတန်းစောင့်ဆိုင်းနေခဲ့ကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဗြိတိန်မင်းဆက်၏ အနာဂတ်ဘေရာဇ်နှင့် ဘေရီလောင်းများဖြစ်သော ဝီလျံမင်းသားနှင့် ကိတ်မစ်ဒယ်လ်တန်တို့သည် ဘက်ကင်ဟမ်နန်းတော် ဆင်ဝင်ထက်ရောက်ရှိခဲ့ပြီးနောက် မင်္ဂလာပွဲလာ ထောင်ပေါင်းများစွာသော ပရိသတ်ရှေ့၌ အနမ်းချင်း နှစ်ကြိမ်မျှ ဖလှယ်ခဲ့ကြရာ ချားလ်မင်းသားနှင့် ဒိုင်ယာနာမင်းသမီးတို့ လက်ထပ်စဉ်ကထက် အနမ်းတစ်ပွင့် ပိုမိုခဲ့သည်ဟုဆိုသည်။

အသစ်စက်စက် တော်ဝင်ဇနီးမောင်နှံသစ်ကို ဂုဏ်ပြုသည့်အနေဖြင့် ဗြိတိန်ဘုရင့်လေတပ်မတော်မှ လေယာဉ်များက ဘက်ကင်ဟမ်နန်းတော်ထက်မှ အလှပြပျံသန်းခဲ့ကြသည်။

သို့ရာတွင် ကြည်နူးဖွယ်တော်ဝင်မင်္ဂလာပွဲ၌ ၁၉၉၇ ခုနှစ်တွင် မတော်တဆမှုကြောင့် ကွယ်လွန်ခဲ့ရသော ဝီလျံမင်းသား၏မယ်တော် ဒိုင်ယာနာမင်းသမီး၏ အရိပ်လွှမ်းမိုးနေဆဲဖြစ်သည်။

ဝီလျံမင်းသားနှင့် ကိတ်မစ်ဒယ်လ်တန်တို့၏ လက်ထပ်ပွဲ၌ ချားလ်မင်းသားနှင့် ဒိုင်ယာနာမင်းသမီးတို့ ၁၉၈၁ ခုနှစ်က လက်ထပ်စဉ် တီးမှုတ်ခဲ့သောတေးသီချင်းများနှင့် ဒိုင်ယာနာမင်းသမီး၏ ဈာပန အခမ်းအနားတို့တွင် သီဆိုတီးမှုတ်ခဲ့သော တေးသီချင်းသံတို့သည် ဝက်စ်မင်စတာ ဘုရားကျောင်းအတွင်းပျံ့လွင့်နေခဲ့သည်ဟုဆိုသည်။

အဲလိဇဘက်-၂ ဘုရင်မကြီးသည် လက်ထပ်ပွဲအား ဂုဏ်ပြုသည့်အနေဖြင့် မြေးတော်ဝီလျံမင်းသားကို ကိန်းဘရစ်မြို့စားအဖြစ် တော်ဝင်ရာထူးပေးအပ်ခဲ့ပြီး ကိတ်မစ်ဒယ်လ်တန်ကိုလည်း ကိန်းဘရစ်မြို့စားကတော်အဖြစ် အသိအမှတ်ပြုခဲ့သည်။

ကမ္ဘာကျော်ဘောလုံးမင်းသား ဒေးဗစ်ဘက်ခမ်း၊ ၎င်း၏ ဇနီး ဗစ်တိုးရီးယား၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်နှင့် ကမ္ဘာကျော် အဆိုတော် အယ်လ်တန်ဂျွန်တို့ အပါအဝင် အထူးဧည့်သည်တော် ၁၉၀၀၀ တို့သည် ဝက်စ်မင်စတာဘုရားကျောင်း၌ ကျင်းပသော တော်ဝင်မင်္ဂလာပွဲသို့ တက်ရောက်အားပေးခဲ့ကြသည်။

ငါးလသားအရွယ် ဝီလျံမင်းသားကို မယ်တော်ဒိုင်ယာနာမင်းသမီး၊ ခမည်းတော် ချားလ်မင်းသားတို့နှင့်အတူ တွေ့ရစဉ်။

ကင်တာဘာရီဂိုဏ်းအုပ်ဘုန်းတော်ကြီး ရှေ့မှောက်၌ အပြန်အလှန် သစ္စာနှံနေကြသော ဝီလျံမင်းသားနှင့် ကြင်ရာတော်လောင်း ကိတ်မစ်ဒယ်လ်တန်တို့ကို မေ ၂၉ ရက်က တွေ့ရစဉ်။

ရုရှားဒုံးပျံတပ်ဖွဲ့၏ ထိန်းချုပ်ရေးစခန်းတစ်နေရာကို တွေ့ရစဉ်။

အရှေ့ဥရောပနိုင်ငံများကို ဒုံးကျည်ကာကွယ်ရေးစနစ် ထောက်ပံ့ရန် ရုရှားအဆင်သင့်ဖြစ်နေ

မော်စကို မေ ၂၉

ရုရှားနှင့် ဥရောပနိုင်ငံများ ပူးတွဲဖွဲ့စည်းပုံစည်းမျဉ်းများ၏ ဘောင်အတွင်းမှ အိမ်နီးချင်းနိုင်ငံများကို ဒုံးကျည်ကာကွယ်ရေးစနစ် (အေအမ်ဒီ) ကူညီရန် ရုရှားနိုင်ငံက အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ရုရှားအာကာသတပ်ဖွဲ့၏တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး အိုလက်အိုစတာပင်ကိုက သောကြာနေ့တွင် ပြောကြားခဲ့သည်။

အိုစတာပင်ကို၏ပြောကြားချက်အရ ရုရှားသည် ဘောလတစ်၊ ဘလက်နှင့် ဘာရင်းပင်လယ်များကဲ့သို့ပင် အရှေ့ဥရောပကို ကာကွယ်ပေးမည့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ရုရှားတွင် အဆိုပါကိစ္စရပ်အတွက် တပ်ဖွဲ့ဝင်အင်အား၊ နည်းပညာနှင့် သိပ္ပံပညာရပ်များကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း တပ်မှူး၏ ပြောကြားမှုကို ကိုးကား၍ သတင်းဌာနများက ဖော်ပြကြသည်။

၎င်းတို့သည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)မှ ကျွမ်းကျင်သူများနှင့် ပူးတွဲ၍ အေအမ်ဒီစနစ်၏ပုံစံကို ရေးဆွဲမည်ဖြစ်ကြောင်း၊ ယင်းစနစ်ကို ပူးတွဲထိန်းချုပ်ရေးဌာနမှ ကွပ်ကဲမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးက ပြောသည်။

ထိုပူးတွဲစနစ်သို့ ရုရှားနိုင်ငံအနေဖြင့် သမားရိုးကျဒုံးကျည်များနှင့် လူမဲ့လေယာဉ်များကို ဖျက်ဆီးနိုင်စွမ်းရှိသော အက်စ်-၅၀၀နှင့် အခြားစနစ်များကို ထည့်သွင်းပေးမည်ဖြစ်သည်ဟုလည်း ပြောသည်။

၎င်းတို့၏ အေအမ်ဒီစနစ်ကို ရုရှားနိုင်ငံ၏ ပိုင်နက်နယ်မြေပြင်ပ၌ ဖြန့်ကြက်ထားမည်မဟုတ်ကြောင်း အိုစတာပင်ကိုက အလေးအနက်ပြောကြားသည်။

လာမည့်ရက်သတ္တပတ်တွင် ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် အေအမ်ဒီစနစ်ပြဿနာကို ဘရပ်ဆဲလ်မြို့တွင် ဆွေးနွေးကြမည်ဖြစ်သည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ၌ လစ္စဘွန်းမြို့တွင် ကျင်းပသော ရုရှား-နေတိုးကောင်စီထိပ်သီးအစည်းအဝေး၌ အဆိုပါ ယူရိုဒုံးကျည်ကာကွယ်ရေးစနစ်ကို ပူးတွဲဆောင်ရွက်ကြရန် ရုရှားနှင့် နေတိုးတို့ သဘောတူခဲ့ကြခြင်းဖြစ်သည်။

ဆင်ဟွာ။

၁၇ နှစ်ကြာမှ ပထမဆုံးပွင့်သည့် ရောမပန်းပွင့်ကြီး ဆွစ်ဇာလန်၌ ကြည့်ရှုသူများပြား

ဂျီနီဗာ မေ ၂၉

၁၇ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဖူးပွင့်လာပြီဖြစ်သော ရနံ့ဆိုးသည့် ရောမပန်းပွင့်ကြီးကို ကြည့်ရှုရန် ဆွစ်ဇာလန်နိုင်ငံမြောက်ပိုင်း ဘေဆယ်မြို့သို့ ထောင်ပေါင်းများစွာသော ရုက္ခချစ်သူများ စုရုံးရောက်ရှိခဲ့ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။ **(ယာပုံ)**

ယင်းပန်းပွင့်ကြီးသည် ရက်ပိုင်းအတွင်း ပြန်လည်ညှိုးနွမ်းတော့မည်ဖြစ်ရာ အပွင့်အာဆုံးအချိန်ဖြစ်သည့် မေ ၂၃ ရက်နှင့် ၂၄ ရက်များအတွင်း လာရောက်ကြည့်ရှုမည့်သူ ၁၀၀၀၀ မျှ ရှိနိုင်ကြောင်း ဘေဆယ်မြို့ ရုက္ခဗေဒဥယျာဉ်က ခန့်မှန်းထားသည်။

ရုက္ခဗေဒနာမည်အားဖြင့် Amorphophallus titanum ဟုခေါ်သည့် အဆိုပါပန်းပွင့်ကြီး၏ ရနံ့သည် ပုပ်အဲ့အဲ့အနံ့ဖြစ်ခြင်းကြောင့် မရဏပန်းဟူ၍လည်း ခေါ်ကြသည်။

ပန်းပွင့်မှ ပေါ်ထွက်လာသော ပုပ်အဲ့အဲ့ရနံ့သည် လာရောက်ကြည့်ရှုသူများကို တားဆီးနိုင်စွမ်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အမြင့်ပေ ၆ ဒသမ ၆ ပေရှိသော ယင်းပန်းပွင့်ကြီးကို အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းမှ သယ်ယူစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် လွန်ခဲ့သော ၇၅ နှစ်ခန့်က မရဏပန်းမျိုးပွင့်ခဲ့သည်ကို နောက်ဆုံးတွေ့ကြုံခဲ့ဖူးသည်။

အင်တာနက်။

ကြီးမားပြင်းထန်သည့် ဆူနာမီလှိုင်းကြီးများ ဖြစ်ပေါ်နိုင်သည့်နေရာ စူးစမ်းလေ့လာမည်

ကမ္ဘာပေါ်တွင် ဘူမိလှုပ်ရှားမှုအများဆုံး မြေလွှာပြတ်ရွေ့ကြောများ တည်ရှိရာ တောင်ပစိဖိတ်ဒေသအတွင်း စူးစမ်းလေ့လာမှုတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်အရ သိရှိရသည်။

အဆိုပါ စူးစမ်းလေ့လာမှုကို ပစိဖိတ်ကျောက်လွှာထုက အင်ဒို-ဩစတြေးလျ ကျောက်လွှာထုအောက်သို့ တိုးဝင်ရာနေရာဖြစ်သော တွန်ဂါဒေသ၌ ပြုလုပ်ရန် သုတေသီများက စီမံချက်ရေးဆွဲထားသည်။

ပြီးခဲ့သည့်လအတွင်းက ကမ်းလွန်ဒေသတွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ထိရှိသော ငလျင်များလှုပ်ခတ်ခဲ့ရာ တွန်ဂါကျွန်းနိုင်ငံသည် ငလျင်လှုပ်ရှားမှုများ ပုံမှန်ဖြစ်ပွားရာဒေသဖြစ်သည်။ သုတေသီများက ၎င်းတို့၏ စူးစမ်းလေ့လာမှုကို တစ်လကြာ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဆိုသည်။ ယင်းသို့လေ့လာရာတွင် ပင်လယ်ရေအောက်ကြမ်းပြင်ရှိ မီးတောင်များ ပြတ်ရွေ့ကြောအတွင်း တရွေ့ရွေ့ ဝင်ရောက်နေသည့်နေရာကို အထူးပြု၍ လေ့လာသွားမည် ဖြစ်သည် ဟုလည်း သိရသည်။

သိပ္ပံပညာရှင်များသည် ပင်လယ်ရေအောက်ရှိ တောင်များက ငလျင်ဖြစ်နိုင်ခြေအပေါ် မည်သို့ မည်ပုံ အကျိုးသက်ရောက်မှုရှိသည်ကို ကောင်းစွာနားလည်သိရှိလိုကြသည်ဟု စူးစမ်းလေ့လာရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူ အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခတိုနီဝပ်စ်က ပြောကြား သည်။

တွန်ဂါဒေသသည် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီနှင့် လွန်ခဲ့သည့်လက ဖြစ်ပွားခဲ့သော ဂျပန်ဆူနာမီတို့ကဲ့သို့ ကြီးမားပြင်းထန်သည့် ဆူနာမီလှိုင်းကြီးများ ဖြစ်ပေါ်နိုင်သည့် ဒေသတစ်ခုဖြစ်သည်။

ကမ္ဘာပေါ်တွင် ဘူမိလှုပ်ရှားမှု အများဆုံးနေရာဖြစ်သော တောင်ပစိဖိတ်တွန်ဂါဒေသတွင် သမုဒ္ဒရာအောက် မီးတောင်ပေါက်ကွဲမှုကို စူးစမ်းလေ့လာနေကြစဉ်။

ဆိုက်ဘာတိုက်ခိုက်နိုင်မှုအပေါ် ဩစတြေးလျ လုံလောက်စွာ ကာကွယ်ထားခြင်းမရှိဟုဆို

နိုင်ငံ၏ အဓိကကျသော အခြေခံအဆောက်အအုံများကို ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်လာနိုင်ဖွယ်ရှိသည့် အချက်နှင့်ပတ်သက်၍ ဩစတြေးလျ ဖက်ဒရယ်အစိုးရသည် လုံလောက်စွာ ကာကွယ်ထားခြင်းမရှိကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ထိပ်တန်းအင်တာနက် လုံခြုံရေးလုပ်ငန်း McAFee နှင့် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာမှုဗဟို (CSIS)တို့က ကမ္ဘာတစ်ဝန်းရှိ အရေးပါသော လျှပ်စစ်ဓာတ်အားအခြေခံအဆောက်အအုံများ၏ အိုင်တီစီမံခန့်ခွဲမှုများကို လေ့လာစမ်းသပ်ကာ အထက်ပါ အစီရင်ခံစာကို ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

၎င်းတို့၏ လေ့လာတွေ့ရှိချက်များအရ အရေးပါသော ဘက်စုံသုံးစနစ်များကို ဆိုက်ဘာတိုက်ခိုက်မှုများ ၂၀၀၉ ခုနှစ် နောက်ပိုင်းတွင် နှစ်ဆတိုးလာကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးရှိ ရေ၊ ဓာတ်ငွေ့နှင့်စွမ်းအင်လုပ်ငန်းများ၏ လုံခြုံရေးစနစ်များကို ဟက်ကာများက စိန်ခေါ်မှုများမှာလည်း ၈၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံအနေဖြင့် ၎င်းတို့၏ အဓိကကျသော ဘဏ်လုပ်ငန်းများ၊ ဓာတ်အားကွန်ရက်များနှင့် ရေပေးဝေရေးလုပ်ငန်းများ၏ ကွန်ပျူတာစနစ်များကို ဆိုက်ဘာလုံခြုံရေး အစီအမံများ ပြုလုပ်ထားရန်လိုအပ်ကြောင်း ဩစတြေးလျဖက်ဒရယ်ရှေ့နေချုပ် ရောဘတ်မက်ကလေလန်းက ပြောကြားခဲ့သည်။

ကမ္ဘာ့သမုဒ္ဒရာရေပြင်မြင့်တက်မှုတွင် ကနေဒီယံအာတိတ်ကျွန်းများ၌ ရေခဲများ အရည်ပျော်မှုက အဓိကကျကြောင်း လေ့လာတွေ့ရှိ

ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာရခြင်းတွင် ကနေဒီယံအာတိတ်ကျွန်းများပေါ်ရှိ ရေခဲမြစ်များနှင့် ရေခဲတောင်များ အရည်ပျော်ခြင်းသည် သိပ္ပံပညာရှင်များ ယခင်တွေးထင်ထားသည်ထက် ပိုမို၍ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရကြောင်း မီချီဂန်တက္ကသိုလ်မှ သုတေသီများဦးဆောင်ပြုလုပ်သည့် လေ့လာမှုတစ်ရပ်အရ သိရှိရသည်။

စတုရန်းမိုင် ၅၅၀၀၀၀ ရှိသော ကနေဒီယံအာတိတ်ကျွန်းစုတွင် ကျွန်းပေါင်း သုံးသောင်းခန့် ပါဝင်သည်။ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား ပုံမှန်ထက်ပူနွေးခဲ့ပြီးနောက် ရေခဲမြစ်နှင့် နှင်းများအရည်ပျော်မှု ပိုမိုလျင်မြန်များပြားခဲ့သည်။

လေ့လာမှု၏ပထမသုံးနှစ်ဖြစ်သော ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အဆိုပါဒေသ၏ ပျမ်းမျှနှစ်စဉ် ရေဆုံးရှုံးမှုမှာ ခုနစ်ကုဗမိုင် ရှိသည်။ သုံးနှစ်တာကာလအတွင်း ရေ ၂၂ ကုဗမိုင် (အကြမ်းဖျင်း ၂၄ ထရီလီယံ ဂါလန်) ဆုံးရှုံးခဲ့သည်။ ခြောက်နှစ်တာလေ့လာမှုပြီးဆုံးပြီးနောက် ကမ္ဘာ့သမုဒ္ဒရာ ရေမျက်နှာပြင်မှာ တစ်မီလီမီတာ မြင့်တက်ခဲ့သည်။

လေ့လာချက်အရ လေထုအပူချိန် ပျမ်းမျှ တစ်ဒီဂရီတိုးတိုင်း ရေခဲပြင် ၁၅ ကုဗမိုင် ပိုမိုအရည်ပျော်နိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

နိုင်ငံတကာ သဘာဝသိပ္ပံနှင့်နည်းပညာ

ကြံပင်က ရာသီဥတုကို အေးမြစေနိုင်ဟုဆို

ကြံပင်များသည် အပူလျော့ကျကာ အေးမြစေနိုင်သည့်အတွက် ကမ္ဘာကြီးပူနွေးမှုကို ရပ်တန့်အောင် စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

ကြံများသည် နေရောင်ခြည်ကို အာကာသထဲသို့ ရောင်ပြန်ဟပ်လွင့်ပျံ့သွားစေနိုင်ပြီး အေးမြသောရေငွေ့များကိုလည်း ထုတ်လွှတ်ခြင်းကြောင့် ပတ်ဝန်းကျင်လေထုအပူချိန်ကို လျော့ကျစေသည်ဟု ကာနေးဂီအင်စတီကျူ ကမ္ဘာလုံးဆိုင်ရာ ဂေဟဗေဒပညာရပ်ဌာနမှ သုတေသီများ ဦးဆောင်ပြုလုပ်ခဲ့သည့် လေ့လာချက်တွင် ဖော်ပြထားသည်။

အဆိုပါ သုတေသီများက ကြံ အကြီးအကျယ် စိုက်ပျိုးသည့် ဘရာဇီးနိုင်ငံအတွင်း ၇၃၃၀၀၀ စတုရန်းမိုင်အကျယ်အဝန်းပေါ်ကို ဂြိုဟ်တုမှ ရိုက်ယူထားသည့် ရာပေါင်းများစွာသော ပုံရိပ်များမှ အချက်အလက်များကို ရယူလေ့လာခဲ့ကာ အပူချိန်၊ အလင်းပြန်မှုနှင့် ရေငွေ့ထုတ်လွှတ်မှုတို့ကို တိုင်းတာခဲ့ကြသည်။

တွေ့ရှိချက်များအရ ယခင်က အခြားသီးနှံများ စိုက်ပျိုးခဲ့ရာဒေသများ၌ ကြံကို တိုးချဲ့စိုက်ပျိုးလာခြင်းဖြင့် ဒေသ၏ရာသီဥတု အေးမြလာသည်ကို ဖော်ပြနေသည်ဟု ဆိုသည်။

သဘာဝပေါက်ပင်များ ပေါက်ရောက်ရာ ဒေသများကို လယ်ယာမြေ (သို့မဟုတ်) စားကျက်မြေများအဖြစ် ပြောင်းလဲခြင်းကြောင့် ပျမ်းမျှအပူချိန် ၂ ဒသမ ၇၉ ဖာရင်ဟိုက် မြင့်တက်ခဲ့သော်လည်း နောက်ဆက်တွဲ ကြံကို ပြောင်းလဲ စိုက်ပျိုးသောအခါ ပျမ်းမျှအပူချိန် ၁ ဒသမ ၆၇ ဖာရင်ဟိုက်သာ တိုးခဲ့ကြောင်း သုတေသီများက ပြောကြားသည်။

ရှေ့ဖြစ်ဟောဦးမည့် အာဖရိက ခေါင်းနှစ်လုံးလိပ်မကလေး

ထူးခြားရှားပါးသည့် ခေါင်းနှစ်လုံးပါ အာဖရိကလိပ်ကလေး မင်ဒါလီနာက ရေခဲပြင်ဟော်ကီ နိုင်မည့်အသင်းကို ဟောကိန်းထုတ်စဉ်။

ယမန်နှစ်က တောင်အာဖရိကတွင် ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်ရှစ်ပွဲ၌ အနိုင်ရမည့် အသင်းများကို မှန်မှန်ကန်ကန် နိမိတ်ပြဟောနိုင်ခဲ့သည့် “ပေါလ်” ခေါ် ရေဘဝဲ၏ ခြေရာကို နင်းမည့်သူပေါ်လာပြီဖြစ်သည်။ သည်တစ်ခါ ရှေ့ဖြစ်ဟောမည့်သူက “မင်ဒါလီနာ”ခေါ် အာဖရိကလိပ်မလေး တစ်ကောင်ဖြစ်ပြီး ထူးခြားဆန်းပြားစွာပင် မင်ဒါလီနာသည် ခေါင်းနှစ်လုံးပါရှိနေသော လိပ်ဖြစ်သည်။

ဆလိုဗက်ကီးယားမြောက်ပိုင်းရှိ ဇီလီနာမြို့တွင် မတ်လအတွင်းက မွေးဖွားခဲ့ပြီး မျိုးဗီဇဆိုင်ရာ ချို့ယွင်းမှုကြောင့် ခေါင်းနှစ်လုံးပါလာခဲ့သော လိပ်ကလေးမင်ဒါလီနာသည် ပြီးခဲ့သည့်သောကြာနေ့က ဖွင့်လှစ်ခဲ့သော ကမ္ဘာ့ဖလား ရေခဲပြင်ဟော်ကီပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် အိမ်ရှင်ဆလိုဗက်ကီးယားနှင့် ဧည့်အသင်း ဆလိုဗေးနီးယားတို့၏ပွဲတွင် အိမ်ရှင်အနိုင်ရမည်ဟု ဟောကိန်းထုတ်ခဲ့သည်။

မင်ဒါလီနာသည် ရေခဲပြင်ဟော်ကီကွင်း ပုံစံငယ်ကလေးပေါ်တွင် လှည့်ပတ်သွားလာပြီး အနိုင်ရမည့် အသင်းဘက်ကို ရွေးချယ်ပြခြင်း ဖြစ်သည်ဟု ဆိုသည်။ လိပ်ပိုင်ရှင် ရိုမန်ဂရီဆက်က မိမိအနေဖြင့် ပွဲစဉ်အားလုံးကို ခန့်မှန်းပေးရန် လိပ်ကလေးအား ဖိအားပေးသွားမည်မဟုတ်ဟု ဆိုသည်။

(၇၅)ကြိမ်မြောက် ကမ္ဘာ့ရေခဲပြင်ဟော်ကီ ပြိုင်ပွဲကို ဆလိုဗက်ကီးယားနိုင်ငံမြို့တော် ဘရာတစ်စ်လာနှင့် အရှေ့ပိုင်းရှိ ကိုဆီယစ်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အသင်း ၁၆ သင်းတို့က ဧပြီ ၂၉ မှ မေ ၁၅ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တီဘီရောဂါလား၊ တီဘီဆေး သောက်ရမှာလား

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး)

(၂၂-၄-၂၀၁၁)ရက်နေ့မှအဆက်

ကျွန်တော်က ဘယ်လိုပဲ တီဘီဆေးသောက်ဖို့ သင့်တယ်လို့ ပြောပေမယ့်လည်း သူကတော့ တီဘီဆေးသောက်ရင် အသည်းကို ထိခိုက်မယ်၊ အသည်းကို ကာကွယ်ချင်တယ်၊ မထိခိုက်စေချင်ဘူး စတာတွေကြောင့် တီဘီဆေးသောက်ဖို့ ကြောက်နေပါတယ်။ သူက ဒီထက်ပိုပြီးတော့ တီဘီရောဂါ သတ်မှတ်ဖို့ သေချာတဲ့နည်းတွေ မရှိဘူးလားဆိုပြီး မေးပါတယ်။ ဒီထက်ပိုပြီးသေချာတဲ့နည်းတွေ ရှိပါသေးတယ်။ လုပ်မယ်ဆိုရင် ရပါတယ်။ အဲဒါက 'Sputum AFB Culture' ပါ။ သလိပ်ထဲမှာ ရှိတဲ့ တီဘီပိုးဟာ သလိပ်ဝမ်းစီစီမှာ အကောင်ရေ ၄၀၀၀ ထက် နည်းခဲ့မယ်ဆိုရင် မတွေ့ဘူးလို့ ဆိုပါစို့။ ဒီနေရာမှာ ကျွန်တော်တို့ လုပ်နိုင်တာက အဲဒီသလိပ်ကို တီဘီပိုးရှိရင် တွေ့ရအောင် ပိုးမွေးရမှာ ဖြစ်ပါတယ်။ ဒါကို 'Sputum AFB Culture' လို့ ခေါ်ပါတယ်။ ဒါပေမယ့် ချက်ချင်းအဖြေမရပါဘူး။ နှစ်လခွဲလောက်ကြာပါတယ်။ အဲဒီလောက်ကြာမှပဲ သလိပ်ထဲမှာ တီဘီပိုးနည်းနည်းပဲပါမယ်ဆိုရင် အကောင်ရေ ပွားလာပြီး တီဘီပိုးကို တွေ့ရမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကတော့ ကျွန်တော်တို့နိုင်ငံမှာ သိပ်မရှိပါဘူး။ ထောင်ဂဏန်းလောက်နဲ့ပဲ စစ်လို့ရပါတယ်။ သို့ထက်မြန်တဲ့နည်းကတော့ PCR စမ်းသပ်နည်း (နောက်ဆုံးပေါ်တဲ့ မော်လီကျူလာနည်းပညာ) ဖြစ်ပါတယ်။ သလိပ်ထဲမှာ နည်းနေတဲ့ ပိုးကောင်ရေကို ပွားများအောင် ဒီမော်လီကျူလာနည်းပညာနဲ့ လုပ်ဆောင်ခြင်းအားဖြင့် နာရီပိုင်းအတွင်းမှာပဲ အဖြေက ထွက်ပါတယ်။ ဒါပေမယ့် ကုန်ကျစရိတ်ကတော့များနေပါတယ်။ သောင်းဂဏန်း တော်တော်များများ ပေးရပါတယ်။ ဒါပေမယ့် အချိန်တိုအတွင်းမှာ ရောဂါကို ပိုတိကျ သေချာအောင် သိနိုင်တဲ့အတွက် တန်ဖိုးရှိတဲ့စမ်းသပ်မှုဖြစ်လို့ လုပ်မယ်ဆိုရင် လုပ်သင့်ပါတယ်။ ဒါပေမယ့် testနှစ်ခုစလုံးကို လုပ်တဲ့အခါမှာ အချိန်ကြာတာ၊ ငွေကုန်တာတွေထက်ကို သလိပ်ထုတ်ပေးမယ့် သူအပေါ်လည်း မူတည်ဦးမှာဖြစ်ပါတယ်။ ဒီစမ်းသပ်မှု (test) တွေ ဘယ်လောက်ကောင်းကောင်း သလိပ်ကို ထုတ်မပေးဘဲ တံတွေးကိုသာ ထုတ်ပေးနေရင်တော့ အဖြေကလည်း Negative ဖြစ်နေဦးမှာပါလို့ သူ့ကို ရှင်းပြရပါတယ်။

အဲဒီတော့ ဒီကလေးမနဲ့ ဆွေးနွေးတဲ့အခါ တီဘီဆေးကို သောက်ရမယ်၊ မသောက်ရဘူးဆိုတာမှာ သောက်ရမယ့်ဘက်က အလေးသာပေမယ့် သူ့ရဲ့ ကြောက်ရွံ့နေတဲ့စိတ်ကြောင့် သောက်ပါလို့ ပြောရတာ အလွန်ခက်နေပါတယ်။ တစ်ချိန်တည်းမှာ အသည်းကိုရော ထိနိုင်ပါသလား၊ အသည်းကို ထိရင်ရော ဘယ်လောက် ဆိုးသွားနိုင်ပါသလဲဆိုတာကို ဆက်ပြီးမေးလာပြန်ပါတယ်။ အဲဒီတော့ တီဘီဆေးအကြောင်း ရှင်းပြရပြန်ပါတယ်။ တီဘီဆေးမှာ first line drug နဲ့ second line drug ဆိုပြီး ရှိတဲ့နေရာမှာ first line drug ဆိုတာ ပထမဆုံး သုံးရတဲ့ ဆေးဖြစ်ပါတယ်။ အလွန်ကို အာနိသင်ရှိပြီးတော့ တီဘီရောဂါကုသဖို့ အတွက်လည်း အလွန်ကိုအားထားရတဲ့ဆေးဖြစ်တယ်။ ဒါပေမယ့် မကောင်းတဲ့အချက်က အသည်းကို ထိခိုက်နိုင်တာပါပဲ။ သောက်ဆေးလေးမျိုးရှိတဲ့အနက်မှာ သုံးမျိုးက အသည်းကို ထိနိုင်ပါတယ်။ တစ်မျိုးပဲ အသည်းမထိတာပါ။ ထိုးဆေးကတော့ ကျောက်ကပ်နဲ့ အာရုံကြော၊ အကြားအာရုံကို ထိခိုက်နိုင်ပါတယ်။ ဒီဆေးကို သောက်ဖို့အတွက် ဒီမိန်းကလေး ဝန်လေးတယ်ဆိုတာကို ကျွန်တော် လက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ အသည်းရောဂါဖြစ်မှာစိုးလို့ ကာကွယ်ဆေးထိုးနေတဲ့ ကျန်းမာရေးအသိရှိတဲ့သူ ဖြစ်နေတာကိုး။ သောက်ရမယ့် ကာလကလည်း ခြောက်လတောင်ကြာမှာ၊ ခြောက်လထက်လျော့တဲ့ ကုထုံးကလည်း ယနေ့ထိ မပေါ်သေးဘူးဆိုတော့ သူ့အနေနဲ့ ထပ်ဆင့်ပြီးတော့ မေးတာက တီဘီဆေးကို ရက်တိုတိုနဲ့ ကုလို့မရဘူးလား။ တကယ်လို့များ ရက်တိုတိုနဲ့ဖြတ်ခဲ့ရင်ရော ဘယ်လိုဖြစ်မလဲဆိုတာကို မေးပါတယ်။ အဲဒီတော့ တီဘီဆေးကတော့ သောက်ပြီဆိုရင် ခြောက်လ၊ ဒါမှမဟုတ် ရှစ်လ။ သူ့ရဲ့ကုထုံးအလိုက် ကုရပါတယ်။ ကုတဲ့အခါမှာ သို့ထက်လျှော့ပြီးတော့ ကုလို့မရပါဘူး။ တိကျစွာ၊ ပြည့်ဝစွာ ကုသရမှာ၊ သောက်ရမှာ ဖြစ်ပါတယ်။ ကြားထဲမှာ ဖြတ်ခဲ့မယ်ဆိုရင် လျှော့သောက်ခဲ့မယ်ဆိုရင်၊ သောက်တဲ့ အချိန်အဆမမှန်ခဲ့ဘူးဆိုရင် တီဘီမပျောက်တဲ့အပြင် ဆေးမတိုးတဲ့ တီဘီ (Multi Drug Resistance Tuberculosis-MDRTB) အဖြစ် ပြောင်းသွားမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း သူ့ကိုရှင်းပြရပါတယ်။ ဆေးမတိုးတဲ့ တီဘီဆိုတာ သာမန်တီဘီဆေးတွေနဲ့ ကုလို့မတိုးတော့တဲ့ ဆေးယဉ်ပါးတဲ့ တီဘီပေါ့။ တစ်နည်းအားဖြင့်ဆိုရင်တော့ တီဘီပိုးက စဝင်ခါစမှာ တီဘီဆေးနဲ့ ကုလို့ရပေမယ့် ဆေးသောက်တဲ့သူ ဒါမှမဟုတ် ဆေးကုထုံးတစ်ခုခု ချွတ်ချော်ခဲ့ရင် ဆေးမတိုးတော့တဲ့ အပြင်းစားတီဘီအဖြစ်ကို ပြောင်းသွားတာဖြစ်ပါတယ်။ ဒီအချိန်မှာတော့ ကုသဖို့ အလွန်ခက်သွားပြီး ကုန်ကျစရိတ်တွေလည်း အလွန်များသလို ဆေးတွေကလည်း အရမ်းအရမ်း ပြင်းလာတဲ့ အခြေအနေမျိုး ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ တီဘီဆေးကို သောက်မယ်လို့ ဆုံးဖြတ်လိုက်ပြီဆိုရင် ပြတ်ပြတ်သားသားနဲ့ စိတ်တိုးတိုးချပြီးတော့ ပြီးပြတ်အောင် ကုရမယ့်အကြောင်း ရှင်းပြရပါတယ်။ အဲဒီတော့ တီဘီဆေးသောက်ရမယ့် ကုထုံးကိုတော့ သူက နားလည်သွားပါတယ်။

ဒါပေမယ့် ဘယ်လိုအခါကျရင် အသည်းကိုထိမလဲ၊ အသည်းကို ထိရင် ဘယ်လိုလက္ခဏာတွေပေါ်မလဲ။ ဒါဆိုရင် ဘယ်လိုလုပ်ရမလဲ စသဖြင့် ဆက်မေးပါတယ်။ ဒီနေရာမှာ အသည်းကို ဘယ်လိုထိခိုက်တယ်၊ ထိခိုက်ရင် ဘယ်လို လက္ခဏာတွေ ပေါ်လာမလဲ ရှင်းရင်တော့ရပေမယ့် ဆေးကျောင်းသားတစ်ယောက်ကို စာသင်သလိုမျိုး ဖြစ်နေမယ်။ တော်တော်လေးလည်း ရှုပ်ထွေးပြီး အချိန်လည်း တော်တော်ကြာမှာဖြစ်လို့ လူနာတစ်ယောက်ကို အဲဒီလောက် အသေးစိတ်ရှင်းပြဖို့အတွက် ခက်ခဲတာအမှန်ပါပဲ။ ဒါပေမယ့်လည်း တတ်နိုင်သလောက်တော့ နားလည်အောင် ရှင်းပြရတာပေါ့လေ။ အဲဒါကတော့ အသည်းကို ထိတယ်၊ မထိဘူး။ တီဘီဆေးနဲ့ တည့်တယ်၊ မတည့်ဘူးဆိုတာကတော့ ပုံမှန်မဟုတ်တဲ့ လက္ခဏာတွေ ပေါ်လာမယ်ဆိုရင် ပြန်လာပြဖို့ အရေးကြီးဆုံးအချက်အနေနဲ့ လူနာကို မှာရပါတယ်။ ဆေးမတည့်ဘူးဆိုရင်တော့ အရေပြားယားယံလာမယ်၊ အနီစက်အကွက်တွေ၊ အဖုအပိမ့်တွေထွက်လာမယ် စတဲ့ တစ်ခုခုထူးခြားမှုတွေ ဖြစ်လာမယ်။ နောက်တစ်ခုကတော့ များသောအားဖြင့် တီဘီဆေးတွေဟာ ပြင်းပါတယ်။ အဓိကအနေနဲ့ အသည်းကို ထိတာဆိုပေမယ့် ကျန်တဲ့ဘေးထွက်ဆိုးကျိုးတွေလည်း အနည်းနဲ့အများ ရှိပါတယ်။ ဆေးစသောက်ခါစ နှစ်ပတ်လောက်အတွင်းမှာတော့ ဒီလက္ခဏာတွေ ပိုပြီးခံစားရတတ်တယ်။ ထူးထူးခြားခြား အရမ်းကို ပျို့လာမယ်၊ အန်လာမယ်၊ အစားအသောက်တွေ ပျက်လာမယ်။ အသားဝါလာပြီဆိုရင်တော့ သေချာပေါက် အသည်းကိုထိခိုက်နေပြီပေါ့။ ဒါကြောင့်မို့လို့ တစ်ခုခုထူးခြားရင်၊ ဆေးဒဏ်ကို မခံနိုင်ဘူးဆိုရင် ဆရာဝန်ကိုပြန်ပြဖို့ လိုပါတယ်လို့ ပြောရတယ်။

တစ်ခါတလေကျတော့လည်း အသေးစိတ်ရှင်းပြဖို့ ကျွန်တော်တို့မှာ ခက်ပါတယ်။ ဘာလို့လဲဆိုရင် အသေးစိတ်ရှင်းပြလေလေ လူနာကလည်း အဲဒီ အသေးစိတ်လက္ခဏာလေးတွေကို ပိုပြီး ဂရုစိုက်သူဖြစ်နေမယ်ဆိုရင် သူက ဆေးရဲ့ဘေးထွက်ဆိုးကျိုးတွေကိုပဲ ကြည့်ပြီး ဆေးကနေအသည်းကို ထိနေပြီလို့ မှတ်ယူပြီး ဒုက္ခများတတ်ပါတယ်။ ဒါကြောင့်မို့လို့ မခံနိုင်လောက်တဲ့ ထူးခြားမှုတစ်ခုခုရှိလာရင် ပြန်လာပြပါဆိုပြီးတော့ပဲ အလွယ်ပြောလေ့ရှိတာပါ။ ဒါပေမယ့် သူ့ကိုတော့ နားလည်နိုင်စွမ်းရှိတဲ့ လူနာအနေနဲ့ မှတ်ယူပြီးတော့ ရှင်းပြရတာ ဖြစ်ပါတယ်။ ဒီလောက်ရှင်းပြလိုက်တဲ့အခါမှာတော့ သူက တီဘီစစ်ဆေးမှုအကြောင်း၊ တီဘီဆေးသောက်ရမယ့် ကာလအပိုင်းအခြားနဲ့ ဘေးထွက်ဆိုးကျိုးတွေအကြောင်းကိုတော့ တော်တော်သဘောပေါက်သွားပါပြီ။

ဒါပေမယ့် နောက်ဆုံးမေးလိုက်တဲ့ မေးခွန်းကတော့ တစ်ကနေပြန်စသလို ဖြစ်သွားပါတယ်။ အဲဒါကတော့ တီဘီဆေးကို တီဘီမဟုတ်ဘဲ သောက်ခဲ့ရင် စောစောကပြောခဲ့တဲ့ ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကို ခံနိုင်တယ်ထားဦး၊ သူ့အတွက် နစ်နာမနေဘူးလားဆိုတဲ့ အချက်ဖြစ်ပါတယ်။ ရောဂါမရှိဘဲနဲ့ ဆေးသောက်ရတယ်ဆိုတဲ့ သဘောပေါ့လေ။ ဆိုလိုတာကတော့ တီဘီပိုးကို သလိပ်ထဲမှာ စစ်ထားတာ ဓာတ်ခွဲခန်းတစ်နေရာမှာတွေ့ပြီး တစ်နေရာမှာ မတွေ့တဲ့အချက်ကို ခုထိစိတ်ထဲမှာ မပြေလည်သေးတာဖြစ်ပါတယ်။ အထက်မှာ ရှင်းပြခဲ့တဲ့အတိုင်း သလိပ်ကိုပိုးမွေးတာ AFB Culture လုပ်တာ၊ PCR နည်းစနစ်နဲ့ စစ်ဆေးတာတွေကိုလည်း သူက လုပ်လိုဟန် မရှိပါဘူး။ ဒါကြောင့် နောက်ဆုံးမှာတော့ ကျွန်တော်က သူလက်ခံနိုင်မယ့်နည်းတစ်ခုကို ရှင်းပြရပါတယ်။ ပြည်သူလူထုထဲမှာ တီဘီပိုးဝင်ထားတဲ့သူ၊ ရောဂါဖြစ်တဲ့သူ အချိုးအစားကလေးတွေကို ရှင်းပြရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တီဘီအဖြစ်များတဲ့နိုင်ငံ (High TB Burden Country) ၂၂ နိုင်ငံထဲမှာပါတဲ့ နိုင်ငံဖြစ်ပါတယ်။ ဆိုလိုတာက ပြည်သူလူထုထဲမှာ တီဘီရောဂါရှိတဲ့ဦးရေများတယ်လို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေထဲမှာ ပါဝင်တာဖြစ်ပါတယ်။ အဲဒီတော့ တီဘီရောဂါအဖြစ်များတဲ့နိုင်ငံမှာ တီဘီပိုးဝင်ထားခံရဖို့က များပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (W.H.O) ရဲ့ အဆိုအရ လူသုံးဦးမှာ တစ်ဦးက တီဘီပိုးဝင်ထားပြီးပြီလို့ ဆိုထားတာကြောင့် လူဦးရေအားလုံးရဲ့ သုံးပုံတစ်ပုံဟာ တီဘီပိုးဝင်ထားပြီးသားပါ။ ဒီနေရာမှာ တီဘီပိုးဝင်ထားတာ (Infection) နဲ့ တီဘီရောဂါ (TB Disease) ဖြစ်ထားတာ နှစ်ခုကွဲပြားတာကို ခွဲခြားသိဖို့ လိုပါတယ်။ ပိုးဝင်တယ်ဆိုတာက တီဘီပိုးက ခန္ဓာကိုယ်ထဲကို ဝင်ထားရုံပဲ ရှိပါတယ်။ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ် (Immune System) က ပိုးတွေကို ထိန်းထားတာ ဖြစ်ပါတယ်။ ရောဂါမဖြစ်ပါဘူး။ ဘာလက္ခဏာမှလည်း မပြပါဘူး။ ဒီလိုနဲ့ပဲ ရောဂါဟာ ငုပ်နေတယ်၊ မြုံနေတယ်ဆိုပါစို့။ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် တီဘီပိုးဝင်ထားတဲ့သူဟာ ကိုယ်ခံအားနည်းလာလို့သော်လည်းကောင်း၊ အခြေအနေတစ်ခုခု ထူးခြားလာလို့သော်လည်းကောင်း၊ ဥပမာအားဖြင့် စတီးရွိုက်ဆေးတွေ သောက်တာကြောင့်သော်လည်းကောင်း၊ ဒါမှမဟုတ် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားကျစေတဲ့ အကြောင်းအရင်းဖြစ်တဲ့ ဖျားနာတာ၊ အစားအသောက် မမှန်တာ၊ အအိပ်အနေအထိုင် မမှန်တာ စသည်ဖြင့် တစ်ခုခုဖြစ်လာ ခဲ့ပြီဆိုရင် စောစောက မြုပ်နေတဲ့၊ ငုပ်နေတဲ့ပိုးက ပိုးဝင်နေတဲ့အဆင့်မှာ မနေတော့ဘဲနဲ့ ရောဂါဖြစ်တဲ့အဆင့်ကို ရောက်ရှိလာပါတယ်။ တီဘီပိုးဝင်တဲ့အဆင့်မှသည် တီဘီရောဂါအဖြစ်ကိုပြောင်းသွားပါတယ်။ ဒီလိုပြောင်းတာက အသက်ကြီးလာလေလေ၊ ကိုယ်ခံအားကျဆင်းလေလေ၊ ပိုပြီးတော့ ပြောင်းဖို့ မြန်လေလေဖြစ်ပါတယ်။ လူတစ်ယောက်ဟာ ပိုးဝင်ထားတာ၊ မဝင်ထားတာကို သိဖို့ခက်သလို ရောဂါဖြစ်တဲ့အဆင့်ကိုလည်း ဘယ်အချိန်ရောက်မလဲဆိုတာ မခန့်မှန်းနိုင်ဘူး။ အချိန်မရွေး တီဘီရောဂါက ဖြစ်လာနိုင်တယ်ဆိုတဲ့အချက်ရှိပါတယ်။ ဒီတော့ ဒီနေရာမှာ သလိပ်တီဘီပိုး စစ်ထားတဲ့ စစ်ချက်မှားခဲ့ရင်တောင်မှ သူ့မှာ ချောင်းဆိုးတာရှိသေးတယ်။ ဓာတ်မှန်မှာလည်း ပိုးဝင်နေတယ်လို့ အဖြေပေးထားသေးတယ်။ ဒီအချက်တွေနဲ့ ပြန်ကြည့်လိုက်မယ်ဆိုရင် သောက်သင့်နေတယ်ဆိုတာ မြင်သာတာပေါ့။ ဒါကြောင့် ဒီကလေးမကို ဆေးသောက်ဖို့ ထပ်မံနားချရပါတယ်။ ဒါနဲ့ပဲ နောက်ဆုံးမှာတော့ သူမ လက်ခံသွားပြီး တီဘီဆေးသောက်ပါတယ်။ ကျွန်တော့်ဆီလည်းပြန်လာပြပါတယ်။ ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာမှလည်း ပြင်းပြင်း ထန်ထန် ခံစားရမှုမရှိပါဘူး။ ချောင်းဆိုးလည်း ပျောက်သွားပါပြီ။ အစားအသောက်လည်း ကောင်းနေပါတယ်။ သူမလည်း တီဘီဆေးသောက်ရတာကို ကျေကျေနပ်နပ် ဖြစ်နေပါပြီ။

ဒါကြောင့် ဒီကလေးမလေးရဲ့ ဖြစ်ရပ်ကို သုံးသပ်ကြည့်ပြီး ကျွန်တော် နိဂုံးချုပ်ရရင်တော့ ချောင်းဆိုးတာ နှစ်ပတ်ထက်ကျော်လာရင် တီဘီရောဂါလားလို့ သံသယရှိပါ။ သလိပ်မှာ ပိုး ရှိ၊ မရှိ စစ်သင့်ပါတယ်။ ပိုးတွေ့တယ်၊ မတွေ့ဘူးဆိုတာနဲ့ ရောဂါရှိတယ်၊ မရှိဘူးဆိုတာကို သေချာကြီးတော့ တိတိကျကျပြောလို့မရပါဘူး။ ဓာတ်မှန်ကို ရိုက်ကြည့်မယ်ဆိုရင် ရိုက်လို့ရပါတယ်။ ဓာတ်မှန်ဟာ တီဘီရောဂါလို့ သတ်မှတ်တဲ့နေရာမှာ အထောက်အကူပြုတာတော့ မှန်ပါတယ်။ ဓာတ်မှန်မှာ အဆုတ်က ပိုးဝင်တယ် ရေးထားရုံနဲ့တော့ တီဘီမဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာ ပြောနိုင်မှာမဟုတ်ပါဘူး။ နောက်တစ်ချက်က တီဘီပိုးဟာ လူဦးရေ သုံးပုံတစ်ပုံမှာ ဝင်ထားပြီးသားဖြစ်တဲ့အတွက် တခြားစစ်ဆေးမှုတွေ၊ တခြားရောဂါလက္ခဏာတွေကြောင့် တီဘီလို့ သံသယရှိခဲ့ရင်တောင် တီဘီဆေးဟာ ပေးသင့်တဲ့၊ ပေးထိုက်တဲ့ ကုထုံးတစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။ နောက်တစ်ချက်က ဓာတ်ခွဲခန်းတွေ အနေနဲ့ အဖြေမှန်တယ်၊ မမှန်ဘူးဆိုတဲ့အချက်ဟာ ဓာတ်ခွဲခန်းကို ပေးပို့တဲ့ သလိပ်ရဲ့ အခြေအနေပေါ်မှာလည်း မူတည်ပါတယ်။ နောက်ဆုံးပြောချင်တာကတော့ တီဘီရောဂါကင်းစင်ဖို့ တစိုက်မတ်မတ်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေတဲ့ အမျိုးသားတီဘီ တိုက်ဖျက်ရေးလုပ်ငန်းစဉ် (National TB Program) မှ ဝန်ထမ်းများကို လေးစားဂုဏ်ယူမိပါကြောင်း ပြောကြားရင်းနဲ့ ပြည်သူလူထုတစ်ရပ်လုံး တီဘီရောဂါမှ ကင်းဝေးနိုင် ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။ ။

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း တစ်နိုင်ငံလုံးသို့ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၉

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရိုက်ကူးထားသည့် **ပေးဆပ်ခြင်းများစွာ** အမည်ရှိ မီးသတ်တပ်ဖွဲ့ ပညာပေးဗီဒီယိုဇာတ်လမ်းကို ဧပြီ ၂၆ ရက်မှ စတင်ပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း၊ ယင်းဇာတ်လမ်းကို လာမည့် မေ ၅ ရက် (မီးသတ်တပ်ဖွဲ့နေ့)တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင်လည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဖြန့်ချိလိုက်သည့် **ပေးဆပ်ခြင်းများစွာ**ဗီဒီယိုဇာတ်လမ်းသည် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်ခြင်း တစ်ခုတည်းကိုသာမဟုတ်ဘဲ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာရသည့်အခါများတွင်လည်း ပါဝင်ကယ်ဆယ် ကူညီပေးခြင်းတို့ကို အများပြည်သူသိရှိစေရန် တင်ပြဖော်ကျူးထားသည်။ ဇာတ်ကြောင်းအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျခဲ့ရသည့် တိုက်အတွင်း ပိတ်မိနေခဲ့သည့်သူတစ်ဦးအား ကယ်တင်ရန် ကြိုးစားရင်းမှ အသက်ပေးဆပ်ခဲ့ရသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏အကြောင်းကို ပုံဖော်ထားသော ဇာတ်လမ်းဖြစ်သည်။ (ကြေးမုံ)

ပေးဆပ်ခြင်းများစွာ ဗီဒီယိုဇာတ်လမ်း ရိုက်ကွင်းတစ်ခုအား တွေ့ရစဉ်။ (မီးသတ်)

မီးမှန်သမျှ သုံးတတ်က မှချမီးဘေး စဉ်ကင်းဝေး

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့် ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၉

ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက စေတီတော် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိမှုနှင့် မာလိနီရေကန်အနီး သရက်ဥယျာဉ်တည်ဆောက်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား SK Telecom (Korea) မှ Senior Vice President လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား SK Telecom (Korea) မှ Senior Vice President Mr. Lee Yong Hwang နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ မိုဘိုင်းလ်ဆက်သွယ်မှုဆိုင်ရာ နည်းပညာပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား SK Telecom (Korea) မှ Senior Vice President, Mr. Lee Yong Hwang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်)ကျင်းပ

ရန်ကုန် ဧပြီ ၂၉

(၁၀)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ(မူဆယ်) ဖွင့်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ယနေ့ကျင်းပသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်း ၁၀၈ ခန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြခန်း ၁၀၈ ခန်းနှင့် အိမ်နီးချင်း အိန္ဒိယ၊ ထိုင်း၊ လာအိုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ပြခန်းနှစ်ခန်းစီ ပါဝင်ပြသသည်။

မြန်မာနိုင်ငံ ပြခန်းများတွင် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်၊ စက်မှုကုန်ချောပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများ၊ ရွှေချည်ထိုးနှင့် ပန်းချီ၊ ယွန်းထည်ပစ္စည်းများ၊ ကျောက်စီပန်းချီကားများ၊ ကြိမ်လက်မှုပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားသည်။ တရုတ်နိုင်ငံပြခန်းများတွင် လူသုံးအိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံး အိုးခွက်ပန်းကန်၊ မီးဖိုများ၊ ပရိဘောဂများ၊ ဆေးဝါးများနှင့် ဆေးဝါးပစ္စည်းကိရိယာများ၊ မီးစက်အင်ဂျင်များ၊ မော်တော်ဆိုင်ကယ်များ၊ ကားအပိုပစ္စည်းများ၊ အားကစားဝတ်စုံများနှင့် အားကစားပစ္စည်းများ၊ ချည်နှင့်ချည်အပိုပစ္စည်းများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ထုပ်ပိုးပြီးအသားခြောက်အမျိုးမျိုး၊ သဘာဝမှိုထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်စက်များနှင့် ဆက်စပ်ပစ္စည်းများ၊ လက်ဖက်ခြောက်များနှင့် အလှကုန်များ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

ပြပွဲကို မေ ၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ဖွင့်ပွဲ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရှမ်းပြည်နယ် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဂိုထောက်ရှီးတို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

ဆိပ်ကြီးခနောင်တို နွေရာသီ ရေအခက်အခဲမဖြစ်စေရေး မြို့တော်စည်ပင်မှ ရေသယ်ရေယာဉ်ဖြင့် ပေးပို့

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဆမားဒူးဝါး အပိုင်း(၄) (လှိုင်းဘုန်း) ရပ်ကွက်၌ ယခုနှစ်နွေရာသီတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနက မတ် ၂၄ ရက်မှ စတင်လျက် ရေသယ်စက်တပ်ရေယာဉ်ဖြင့် နေ့စဉ် တစ်ကြိမ် ရေဂါလန် ၃၀၀၀ ကို ပေးပို့လျက်ရှိကြောင်း သိရှိရသည်။

ဆိပ်ကြီးခနောင်တို မြို့နယ်မှာ သောက်သုံးရေကန်များကိုသာ အားထားသုံးစွဲနေရပြီး နှစ်စဉ် နွေရာသီတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိသော်လည်း ယခုနှစ်တွင် မတ်လက မိုးရွာသွန်းခဲ့ခြင်း၊ ယခင်နှစ်က သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်ခဲ့မှုအပေါ် သင်ခန်းစာယူပြီး တိမ်ကောလျက်ရှိသော သောက်သုံးရေကန်များအား ဆယ်တင်တူးဖော်ခဲ့ခြင်း၊ ရေချိုရရှိချိန်တွင် ရေချိုကို သောက်သုံးရေကန်များတွင် ထည့်သွင်းသိုလှောင်ခဲ့ခြင်းတို့ကြောင့် ယခုနှစ်တွင် ယခင်နှစ်ကလောက် သောက်သုံးရေအခက်အခဲ မဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ယခင်နှစ်နွေရာသီက ဆမားဒူးဝါး အပိုင်း(၄) (လှိုင်းဘုန်း)၊ ဘီအိုစီ၊ ပိတောက်မြိုင်၊ ဦးထွန်းအို၊ သခင်ဘသောင်းနှင့် သဇင်လမ်းရပ်ကွက်များ၌ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းမှုဌာန)က စက်တပ် ရေသယ်ရေယာဉ်များဖြင့် အခေါက်ပေါင်း ၂၇၇ ခေါက် ရေဂါလန်ပေါင်း ၈၃၁၀၀၀ ကို ပေးပို့ခဲ့ရသည်။ ယခုနှစ်တွင်လည်း သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်သည့်ရပ်ကွက်များသို့ သောက်သုံးရေများ ဆက်လက်ပေးပို့ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြောင်းမြဆရာအတတ်သင် အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၉

မြောင်းမြဆရာအတတ်သင် အာစရိယပူဇော်ပွဲကို မေ ၂ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးဂေါပကရုံး၌ ကျင်းပမည် ဖြစ်ပါ၍ ၁၉၇၃/၇၄ - ၁၉၇၄/၇၅ ကျောင်းဆင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးလွင်ပင် ဖုန်း-၀၉-၇၃၀၁၀၃၈၉၊ ဦးလှဌေး ဖုန်း-၀၁-၆၂၉၅၃၅ နှင့် ဦးစိုးသိန်း ဖုန်း-၀၉-၈၀၃၁၉၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကချင်ပြည်နယ် သစ်မွှေးဝါသနာရှင်များအသင်း သစ်မွှေး (AGAR WOOD) ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၉

ကချင်ပြည်နယ် သစ်မွှေးဝါသနာရှင်များအသင်းက စီစဉ်ကျင်းပသည့် သစ်မွှေး (AGAR WOOD)ဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သစ်မွှေးဝါသနာရှင်များအဖွဲ့ကိုယ်စား မြစ်ကြီးနားတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာခင်ဖြူဖြူအေးက မိတ်ဆက်စကားပြောကြားပြီး ကထိက ဒေါက်တာကလျာလူက သစ်မွှေးဆိုင်ရာ သိကောင်းစရာများ ဟောပြောကာ သစ်မွှေးဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းရီက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင်အနုပညာရုပ်ဝန်း

ဆက်ဒမ်ဟူစိန်အကြောင်း ရုပ်ရှင်ရိုက်မည်

ဘောလိဝုဒ် ရုပ်ရှင်လောကမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဆူရက်ခိုလီက အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အကြောင်း ရုပ်ရှင်ရိုက်ကူးရန် စီစဉ်နေကြောင်း ထုတ်ပြန်ကြေညာသည်။

အဇဖ်ဘာနီရေးသားခဲ့သည့် စာအုပ်ကိုအခြေခံ၍ ဆက်ဒမ်ဟူစိန်အကြောင်းကို From President to Prisoner အမည်ဖြင့် ရုပ်ရှင်ကားရိုက်ကူးရန် စီစဉ်လျက်ရှိကြောင်း မွမ်ဘိုင်းမေဒါသတင်းစာက ရေးသားဖော်ပြသည်။

သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အဖြစ် သရုပ်ဆောင်မည့်မင်းသား အက်ဘာခန်က သမ္မတ ဆက်ဒမ်ဟူစိန်သည် အမေရိကန်နိုင်ငံ၏ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် နိုင်ငံခြားရေးမူဝါဒကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် သူရဲကောင်းတစ်ယောက်အဖြစ် ထင်မြင်မိကြောင်း၊ အမေရိကန်နိုင်ငံက ဆက်ဒမ်ဟူစိန်ကို လက်ညှိုးထိုးစရာ တရားခံတစ်ယောက်အဖြစ် အသုံးချခဲ့ကြောင်း၊ ရုပ်ရှင်ဇာတ်ကားထဲမှာပင် ဆက်ဒမ်ဟူစိန်အဖြစ် သရုပ်ဆောင်ရသည်ကို အလွန်ကျေနပ်ဂုဏ်ယူကြောင်း ပြောကြားသည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်ကားတွင် အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးနှစ်များအကြောင်းကိုဦးစားပေး ရိုက်ကူးသွားမည်ဖြစ်သည်။

မိမိအနေဖြင့် ဆက်ဒမ်ဟူစိန်အဖြစ် သရုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေသကဲ့သို့ ဆက်ဒမ်ဟူစိန်၏ စရိုက်လက္ခဏာအတိုင်း သဘာဝကျကျ တူနိုင်သမျှတူအောင် သရုပ်ဆောင်နိုင်ရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း မင်းသား အက်ဘာခန်က ဆက်လက်ပြောကြားသည်။

ဆက်ဒမ်ဟူစိန်အကြောင်း ရုပ်ရှင်ရိုက်ကူးမည့် ဒါရိုက်တာခိုလီက အက်ဘာခန်ကို ဆက်ဒမ်ဟူစိန်အဖြစ် သရုပ်ဆောင်ရန် တိုက်တွန်းခဲ့ပြီး အက်ဘာခန်၏ဓာတ်ပုံနှင့် ဆက်ဒမ်ဟူစိန်ဓာတ်ပုံကို ယှဉ်ကြည့်မိသည့်အခါ အားလုံးက သူ့ကို ဆက်ဒမ်ဟူစိန်အဖြစ် သရုပ်ဆောင်ရန် သဘောတူခဲ့သလို အက်ဘာခန်ကိုယ်တိုင်ကလည်း သဘောတူခဲ့သည်။

ယမန်နှစ်က အိန္ဒိယရုပ်ရှင်လောကတွင် ဝါရင့်သရုပ်ဆောင်မင်းသား အနူပန်ခါနှင့် အဒေါ့ဖ်ဟစ်တလာအကြောင်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရန် စီစဉ်ခဲ့သော်လည်း ဝေဖန်ရှုတ်ချမှုများကြောင့် ပျက်ပြယ်ခဲ့ရသည်။ **အင်တာနက်။**

ဂုဏ်ထူးရဆန်လာသော ရှာရွတ်ခန်

အိန္ဒိယစူပါစတား ရှာရွတ်ခန်သည် မကြာသေးမီက စိတ်ဝိညာဉ်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးတစ်ဦးထံမှ ထူးဆန်းသည့် ပုတီးတစ်ကုံး လက်ခံရရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဘောလိဝုဒ်၏ ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်သူ ရှာရွတ်ခန်သည် ယင်းပုတီးကုံးကို ၎င်း၏အမေ ကွယ်လွန်သည့် နှစ်ပတ်လည်နေ့တွင် ဝတ်ကျောင်းတစ်ခုသို့ သွားရောက်စဉ် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ရှာရွတ်ခန်သည် ယင်းပုတီးကုံး လက်ခံရရှိပြီးနောက် ဘာသာရေးကို လေးလေးနက်နက် ယုံကြည်လာသူတစ်ဦးဖြစ်လာပြီဟု သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။ ယင်းပုတီးကုံးကလေးက သူ့အပေါ် ကျရောက်မည့် မကောင်းမှုဘေးအန္တရာယ်များကို ဖယ်ရှားပေးပြီး ကံကောင်းခြင်းများကို ယူဆောင်လာသည်ဟု ရှာရွတ်ခန်က ယူဆသည်။

မကြာသေးမီက ရှာရွတ်ခန်သည် ဗေဒင်ပညာကို စိတ်ဝင်စားသူတစ်ဦးဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ဝန်ခံခဲ့ပြီး ဗေဒင်ဆရာတစ်ဦး၏ အကြံပေးချက်အရ သူ၏ ယာဘက်လက်တွင် မြစိမ်းရောင်လက်စွပ်တစ်ကွင်းကို ဝတ်ဆင်ထားသည်။

မကြာမီတွင် ရှာရွတ်ခန်ပါဝင်သရုပ်ဆောင် ရိုက်ကူးခဲ့သည့် အိန္ဒိယ၏ ပထမဦးဆုံး စိတ်ကူးယဉ်သိပ္ပံဇာတ်ကား Ra.one ကို ရှုစားကြရမည်ဖြစ်သည်။ **အင်တာနက်။**

အောဝမ်းစိုး

တစ်နှစ်တာ အသုံးပြုနိုင်မည့် မြန်မာနှစ်သစ် ဗေဒင်ဒိုင်ယာရီစာအုပ်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံလုံးဆိုင်ရာ နက္ခတ်သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်စိန် ပြုစုသော မြန်မာနှစ်သစ် ဗေဒင်ဒိုင်ယာရီစာအုပ်သည် ၂၀၁၁ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်အထိ တစ်နေ့တာ၏ နာရီ ၂၀ အတွင်း နှစ်နာရီကြား တစ်ခါဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံခြားခရီးကိစ္စ၊ ရာထူး၊ ကုမ္ပဏီကိစ္စ၊ ဆက်သွယ်ရေးလုပ်ငန်း၊ အကြွေးကိစ္စ၊ ပညာရေးကိစ္စ၊ စာပေကိစ္စ၊ လျှို့ဝှက်ကိစ္စ၊ ငွေလွှဲကိစ္စ၊ ရွှေ အရောင်းအဝယ်၊ အချစ်ရေး၊ အိမ်ခြံမြေ၊ ကားဝယ်/ရောင်းခြင်းကိစ္စ၊ ခွဲစိတ်ချိန်၊ လက်ထပ်မင်္ဂလာစေ့စပ်ချိန်၊ ကလေးမွေးဖွားချိန်၊ နာမည်ပေးချိန်၊ ဆွေးနွေးတိုင်ပင်ချိန်များကို ကောင်းမွန်သော အချိန်အခါများ ရွေးပေးထားပြီး လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍ မှတ်တမ်းရေးနိုင်ရန်အတွက်ပါ ပါဝင်ကာ နဒီနက္ခတ်ပညာဖြင့် ပြုစုထားသော စာအုပ်တစ်အုပ်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်သံရုံး ယာယီတာဝန်ခံနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့် ပထမအတွင်းဝန် Mr. Adam Neury တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ HIV/AIDS နှင့် တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများတွင် ရောဂါရှာဖွေရေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် အခြားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့် ပထမအတွင်းဝန် Mr. Adam Neury တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် ဒေသဝမ်းစာဖူလုံရေး ကြိုးစား ပြည်သူတို့၏လိုအပ်ချက်နှင့် ဒေသလုံခြုံအေးချမ်းရေး အလေးထားဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံ့ဝန်ထမ်းများသည် တာဝန်ကျရာဒေသတွင် မိမိ၏ မွေးရာဇာတိဟုခံယူ၍ စေတနာထားဆောင်ရွက်ကြရန်၊ နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကျင်းပသည့် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ (အပေါ်ပုံ)

အလေးထားကြိုးစား

ထို့နောက် မွန်းလွဲပိုင်းတွင် ဟိုပန်မြို့သို့ရောက်ရှိပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးရုံး အစည်းအဝေးခန်းမ၌ ဦးစီးအဖွဲ့နှင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ဒေသခံများက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်၊ ပြည်သူတို့၏ လိုအပ်ချက်များကို အလေးထားဆောင်ရွက်ကြရန်၊ ဒေသလုံခြုံအေးချမ်းရေး အလေးထားကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်ရန်အတွက် မအူပင်လမ်း စမ်းချောင်းမြို့နယ်နေ ဦးမောင်မောင်လွင်-ဒေါ်ဇင်မျိုးသန်း မိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ နာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဟိုပန်မြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး အသစ်တည်ဆောက်လျက်ရှိသော ခုတင်(၅၀)ဆံ့ ဆေးရုံအဆောက်အအုံနှင့် အခြေခံပညာအထက်တန်းကျောင်း၌ အသစ်တည်ဆောက်မည့် ကျောင်းဆောင်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ချင်းရွှေဟော်မြို့အနီး တောင်သူဦးလောချုံလီ၏ ရော်ဘာစိုက်ခင်း၌ ရော်ဘာစေးထုတ်လုပ်မှု သရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးပြီး လောက်ကိုင်မြို့နယ်အတွင်းရှိ ကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၂၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးအစည်းအဝေးခန်းမ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

တက်ရောက်

ယင်းနောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးအဆောက်အအုံနှင့် ရုံးခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ခန်းမသစ်၌ ကျင်းပသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရွှေဘိုမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မုံရွာမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ လားရှိုးမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ မင်းဘူးမြို့တွင် ၁ ဒသမ ၃၄ လက်မနှင့် ဟားခါးမြို့တွင် ၁ ဒသမ ၃၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဧပြီလ နောက်ဆုံးသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

ပြည်သူ့ထံမှ ပေးစာများ

တရားမဝင်ဈေးရောင်းချမှု ဖယ်ရှားပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်ရှိ သီတာလမ်းနှင့် ဩဘာလမ်းပေါ်၌ တရားမဝင် အမိုးအကာများဖြင့် ဈေးရောင်းချနေပါသဖြင့် လမ်းသွားလမ်းလာပြည်သူများမှာ များစွာစိတ်အနှောင့်အယှက်ဖြစ်ကြရသည့်အပြင် ယာဉ်အန္တရာယ်ပါ စိုးရိမ်ရသဖြင့် သက်ဆိုင်ရာမှ စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် စာတည်းမှတစ်ဆင့် တင်ပြပါသည်။

ကျောက်မြောင်းသားများ

စည်ပင်ရေ ပုံမှန်ပြန်လာစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် ကောက်လျင်လမ်းသွယ်(၂)ရှိ တိုက်(၁၇၃)(၁၇၄)၌ စည်ပင်ရေပိုက်လိုင်းမှ ရေမလာသည်မှာ ကြာမြင့်ပြီဖြစ်ပါ၍ ရပ်ကွက်နေပြည်သူများမှာ သောက်ရေသုံးရေများ ဝယ်ယူသုံးစွဲရသည့်အတွက် များစွာအခက်အခဲဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် စာတည်းမှတစ်ဆင့် တင်ပြပါသည်။

သုဝဏ္ဏသား

ခဲမှုန်များ ပတ်ဝန်းကျင်ပျံ့လွင့်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် အောင်သီရိလမ်းအတွင်း၌ရှိသော ကားရေတိုင်ကီ ပြုပြင်ရောင်းဝယ်ရေးအလုပ်ရုံတစ်ရုံမှ နေ့စဉ် နံနက်မှ ညနေအထိ ရေတိုင်ကီပြုပြင်ရေးလုပ်ငန်းမှထွက်ရှိသော ခဲမှုန်များမှာ ပတ်ဝန်းကျင်သို့ ပျံ့လွင့်နေပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ပါသဖြင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးစိုးရိမ်သူ

ပဲခွဲစက်မှဖုန်မှုန့်များ ကျန်းမာရေးထိခိုက်မှု ရှင်းလင်းပြီး

ဧပြီ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပြည်သူ့ထံမှ ပေးစာကဏ္ဍတွင် နေပြည်တော်လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက် ပဲခွဲစက်မှဖုန်မှုန့်များ ကျန်းမာရေးထိခိုက် ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

(မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)

ရေမြောင်းပိတ်ဆို့နေ၍ ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၆-လမ်း(လယ်) မဟာဗန္ဓုလလမ်းမဘက်၏ လမ်းထိပ်အဝင်အနီး ရေမြောင်းအတွင်း အညစ်အကြေးနှင့် အမှိုက်တို့ ပိတ်ဆို့နေခြင်း၊ အနီးမှစီးထွက်သောရေများသည် အဆိုပါမြောင်းအတွင်းသို့စီးဝင်ပြီး ထိုမှတစ်ဆင့်လမ်းပေါ်သို့ အညစ်အကြေးနှင့် အမှိုက်များ၊ ရေများက အဆက်မပြတ် စီးဆင်းနေခြင်းတို့ကြောင့် လိုအပ်သလိုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

၃၆-လမ်း(လယ်)မှ မိသားစုများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

❍ **ရွှေဖုံးမှ**

ယခင်က ရန်ကုန်မှကားဖြင့် မကွေး သို့သွားလျှင် ပြည်လမ်းအတိုင်းသွားရပြီး ပြည်-အောင်လံ-တောင်တွင်းကြီး-မကွေး သို့ တစ်လမ်းသာရှိသည်။ ယခုမူ ရန်ကုန် မှ နေပြည်တော်-တောင်ညို-ချောင်းနက်-ကားလမ်းမှလည်းသွား၍ရသည်။ ထိုလမ်း မှသွားစဉ် ပဲခူးရိုးမပေါ်မှ ဖြတ်သန်းရ၍ သဘာဝတောတောင်တို့၏ အလှအပ များကိုလည်း တဝကြီး ကြည့်ရှုခံစားရ သည်။

တောင်တွင်းကြီးမြို့ကို ကျော်တော့ ကားကို မကွေးသို့ ဦးတည်လိုက်သည်။ ထို့နောက် မကွေးခရိုင် ရွာသစ်ကျေးရွာ နှင့် စစ်ကိုးပင်ကျေးရွာအနီး မိချောင်းရဲ၊ ပဌနဂိုရ် ကားလမ်းအတိုင်း ဆက်လက်မောင်းလာခဲ့ရာ မိုင်တိုင်အမှတ် (၁၁/၄) နှင့် (၁၁/၅) အကြားသို့ အရောက်တွင် ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းအား တွေ့ရသည်။

အဆိုပါ ဧရာဝတီတံတား(မလွန်)ကို ၂၂-၁၁-၂၀၀၉ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ကြောင်းသိရသည်။ ဤတံတား၏ ပင်မတံတားအရှည်မှာ ၃၂၁၅ ပေ ၅ လက်မ ရှည်လျားပြီး ကားလမ်း (နှစ်လမ်း)နှင့် ရထားလမ်း (တစ်လမ်း)ပါဝင်သည့် တံတားကြီးဖြစ်သည်။

ဧရာဝတီတံတား(မလွန်) စီမံကိန်းဆိုင်ရာအချက်အလက်များ

၁။	တည်နေရာ -	မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်) ကျေးရွာအနီး၊ မိကျောင်းရဲ-ပဌနဂိုရ်ကားလမ်း မိုင်တိုင်အမှတ် ၁၁/၄ နှင့် ၁၁/၅ ကြား။
၂။	တံတားအရှည် -	ပင်မတံတား ၉၈၀ မီတာ (၃၂၁၅ ပေ)
		ချဉ်းကပ်တံတား(ကားလမ်း)(မိကျောင်းရဲဘက်ကမ်း) - ၁၃၁၂ ပေ
		ချဉ်းကပ်တံတား(ကားလမ်း)(မလွန်ဘက်ကမ်း) - ၁၃၁၂ ပေ
		ချဉ်းကပ်တံတား(ရထားလမ်း) (မိကျောင်းရဲဘက်ကမ်း)- ၁၉၂၂ ပေ ၈ လက်မ
		ချဉ်းကပ်တံတား(ရထားလမ်း) (မလွန်ဘက်ကမ်း)- ၂၀၀၈ ပေ
၃။	တံတားအကျယ် -	ကားလမ်း - ၂၈ ပေ
		ရထားလမ်း - ၁၄ ပေ
		လူသွားလမ်း (တစ်ဖက်လျှင်) - သုံးပေ
၄။	တံတားအမျိုးအစား	
	(က) အုတ်မြစ် -	အချင်း ၁ ဒသမ ၅ မီတာ၊ အချင်း ၁ ဒသမ ၂ မီတာ လွန်တူးပိုင်။
	(ခ) တံတားအောက်ထည် -	သံကူကွန်ကရစ်
	(ဂ) တံတားအပေါ်ထည် -	ပင်မတံတား-သံမဏိသံပေါင်
		ချဉ်းကပ်တံတား(ကားလမ်း) သံကူကွန်ကရစ်
		ချဉ်းကပ်တံတား(ရထားလမ်း) သံကူကွန်ကရစ်
၅။	ခန်းဖွင့်ဖွဲ့စည်းပုံ (က) ပင်မတံတား	-၉၆ မီတာ× ၂ခန်း, ၁၁၂ မီတာ× ၇ခန်း } ၉၈၀မီတာ
	(ခ) ချဉ်းကပ်တံတား(ကားလမ်း)(မိကျောင်းရဲဘက်ကမ်း)	၂၀မီတာ× ၂၀ခန်း
	- ချဉ်းကပ်တံတား(ကားလမ်း)(မလွန်ဘက်ကမ်း)	၂၀ မီတာ× ၂၀ခန်း
	(ဂ) ချဉ်းကပ်တံတား(ရထားလမ်း)(မိကျောင်းရဲဘက်ကမ်း)	(၂၀ မီတာ×၂ခန်း)+(၂၆မီတာ × ၂၁ ခန်း)
	- ချဉ်းကပ်တံတား(ရထားလမ်း)(မလွန်ဘက်ကမ်း)	(၂၀မီတာ× ၂ ခန်း)+(၂၆မီတာ× ၂၂ ခန်း)
၆။	ရေလမ်းကင်းလွတ်အကျယ် -	၇၀မီတာ(ပေ ၂၃၀)
၇။	ရေလမ်းကင်းလွတ်အမြင့် -	၁၇ ဒသမ ၃၇မီတာ(၅၇ ပေ)
၈။	ခွင့်ပြုယာဉ်နှင့်အလေးချိန် -	AASHTO HS 20-44(နှစ်လမ်း)
	(ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်) -	(၆၀)တန်
၉။	ခန့်မှန်းစီမံကိန်းတန်ဖိုး -	ကျပ်သန်းပေါင်း ၃၃၆၆၈
၁၀။	စီမံကိန်းစတင်သည့်ရက် -	၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်

ဧရာဝတီတံတား(မလွန်)ချဉ်းကပ်တံတားကို ကွန်ကရစ်လောင်းစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေသည့် ဤ ဧရာဝတီတံတား(မလွန်)သည် ကားနှင့် ရထား တစ်ပြိုင်တည်းသွားနိုင်သည့် တံတားကြီးဖြစ်သောကြောင့် ဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် မီးရထားနှင့် ကားလမ်းကွန်ရက်များ ဆက်စပ်ပေးမည်ဖြစ်သည့်အတွက် ခရီးသွားပြည်သူများနှင့် ဒေသထွက်ကုန်များပို့ဆောင်ရေးတွင် လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့သည် ဧရာဝတီတံတား (မလွန်)၌ဆောင်ရွက်လျက်ရှိသော ပင်မတံတားလုပ်ငန်းနှင့် ချဉ်းကပ်ကားလမ်းတံတား၊ ချဉ်းကပ်ရထားလမ်းတံတား (မိကျောင်းရဲဘက်ကမ်း)နှင့် ချဉ်းကပ်ကားလမ်းတံတား၊ ချဉ်းကပ်ရထားလမ်းတံတား(မလွန်ဘက်ကမ်း)တို့၌ သတင်းဓာတ်ပုံများရိုက်ကူးကြသည်။ ထို့နောက် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်၌ စီမံကိန်းအင်ဂျင်နီယာမှူးကြီး ဦးစိုးမင်း (မြို့ပြ)အား တွေ့ဆုံ၍ သိလိုသည်များကို မေးကြည့်ခဲ့သည်။

"ဤတံတားကြီးသည် မီးရထား၊ ကားနှစ်မျိုးသွားနိုင်သော တံတားကြီးဖြစ်ပြီး ဧရာဝတီမြစ်၏ ပေ ၂၉၀၀ အကျယ်ရှိမြစ်ကျဉ်းနေရာမှ တည်ဆောက်နေခြင်းဖြစ်သည့်အတွက် ရေလမ်းကြောင်းကောင်းပြီး သင်္ဘောများ အန္တရာယ်ကင်းစွာခုတ်မောင်းသွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ မိကျောင်းရဲဘက်ကမ်း၊ ချဉ်းကပ်ရထားလမ်းတိုင်များမှာ ၈၇ ရာခိုင်နှုန်းဆောင်ရွက်ပြီး၍ P.C Girder တင်သည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ချဉ်းကပ်ကားလမ်းတံတားတိုင်များမှာလည်း ၁၀၀ရာခိုင်နှုန်းပြီးစီး၍ တံတားကြမ်းခင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ မလွန်ဘက်ကမ်းအနေဖြင့် ချဉ်းကပ်ရထားလမ်းတိုင်များမှာ ၇၅ ရာခိုင်နှုန်းကျော်ပြီးစီး၍ ကားလမ်းတံတားတိုင်များကို ၁၀၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကားလမ်းအတွက် R.C Girder တင်သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

မိကျောင်းရဲဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာ သစ်ရာကောက်-ပဌနဂိုရ်ကားလမ်းနှင့် မိုင်တိုင်အမှတ်(၁၁/၃)တွင် တွေ့ဆုံပြီး ပြည်-အောင်လံ-မကွေးကားလမ်းနှင့်မိုင်တိုင်အမှတ် (၃၀၁/၁)တွင် သွားရောက်တွေ့ဆုံမှာဖြစ်ကြောင်း။

မလွန်ဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာလည်း မလွန်မြို့သို့ ငါးမိုင်ခွဲခန့်သာကွာဝေးကြောင်း၊ ထိုမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းနှင့် ဆက်သွယ်မည့် ၂၅ မိုင်ရှည်လျားသည့် မလွန်-မင်းလှ-တောင်ဦး-ကန်တုတ်လမ်းကို ဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း။

RP-9 တူးစဉ် မြစ်ရေသည် ငါးပေခန့်သာရှိ၍ သင်္ဘောအုပ်စုဝင် မရသောကြောင့် ယာယီသဲကျင်းတစ်ခု ပေ ၂၀၀×ပေ၂၀၀ ခန့် ပြုလုပ်ရကြောင်း၊ ယင်းနေရာတွင် သဲကျောက်စရစ်များအထက်အောက် လှန်သကဲ့သို့ဖြစ်ပြီး ရှေးဟောင်းရွှေဆွဲကြိုးများ တွေ့ရှိခဲ့ကြောင်း၊ ယင်းရွှေကြိုးများကို နိုင်ငံတော်သို့ အပ်နှံခဲ့ကြောင်း။

ရေစီးသန်သောနေရာတွင် တံတားဆောက်ခြင်းဖြစ်၍ သင်္ဘောများသွားလာရမှု၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေမည်ဖြစ်ကြောင်း၊ ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ ရေနက်ဆိပ်ကမ်းများမှတစ်ဆင့် ကုန်ထုတ်ပို့ဆောင်ရန် လမ်းပေါ်ရှိ အချက်အချာကျသော တံတားကြီးဖြစ်ကြောင်း၊ ဤတံတားကြီး တည်ဆောက်ခြင်းဖြင့် ဒေသသည် ပိုမိုမြန်ဆန်စွာ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

ထို့အပြင် ခရီးသွားပြည်သူများအနေဖြင့် မလွန်မြို့ မြသပိတ်စေတီတော်ကြီးနှင့် ရှေးဟောင်းဘုရားများကို ဖူးတွေ့နိုင်သကဲ့သို့ သဲကျောက်တောင်ကို ထွင်းဖောက်စဉ် ကျောက်ဂူများ တည်ဆောက်

ဧရာဝတီတံတား (မလွန်)၏ မလွန်ဘက်ကမ်း ချဉ်းကပ်တံတားကို တွေ့ရစဉ်။

ဧရာဝတီတံတား (မလွန်)၏ ပင်မရေလယ်တိုင်အား အချောသပ် ကွန်ကရစ်လောင်းစဉ်။

တံတားကြီးတည်ဆောက်စဉ်ဧရာဝတီမြစ်ကျဉ်းသဘာဝအရ ဝဲ/ယာသဲကျောက်တောင်ကြောကို စီးဆင်းရခြင်းဖြစ်ပြီး အောက်ခံမြေမှာ သဲကျောက်ဖြစ်ကြောင်း၊ မိုးတွင်းမှာ ရေစီးလည်းသန်ကြောင်း၊ ကျောက်လွှာပေါ်မှာ သဲထု ပေ ၇၀ ခန့်ရှိကြောင်း။

ရေလယ်တိုင်များကို မိုးတွင်းရေစီးမသန်မီ ဘိုးပိုင်များကို အပြီးတူးရကြောင်း၊ ပေ ၁၀၀ ကျော်ထိ အနက်ရရှိရေးတူးရာမှာ အပေါ်ပိုင်းက သဲထုကို ကျော်ပြီးမှ အောက်လွှာကျောက်သားကို ဖောက်ရကြောင်း၊ သာမန်လက်ယက်သဲတွင်းပင် တူးရင်း ပြိုတတ်ကြောင်း၊ သဲလွှာအောက်က ကျောက်သားထုကို ဖောက်ရာမှာ သတိဝီရိယထားပြီး နေ့ညချိန်ဆတူးရကြောင်း။

ထားသည့်နေရာများစွာ ရှိနေခြင်းကြောင့် တရားဘာဝနာ အားထုတ်လိုသူများနှင့် ရှေးဟောင်း သမိုင်းလေ့လာလိုသူများ လေ့လာနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် တံတားနှင့် ၁၅ မိုင်ခန့်၌ ဗိသုနိုးမြို့ဟောင်းရှိပြီး ပျူခေတ်ယဉ်ကျေးမှုနှင့် လူနေမှုတို့ကိုလည်း လေ့လာနိုင်ကြောင်း၊ ရွှေကျင်သာသနာ စတင်ရာ မင်းတုန်းမင်းကြီးကိုးကွယ်တော်မူသည့် ပထမရွှေကျင်သာသနာပိုင် ဆရာတော်ကြီးသီတင်းသုံးခဲ့သောရွှေကျင်ဂူတောရကျောင်းလည်း ရှိကြောင်း။

ထို့ပြင် မင်းလှခံတပ်၊ ငွေးချောင်းခံတပ် စသော အမျိုးသားဇာတိမာန် တက်ကြွစေသည့် ရှေးဟောင်းသမိုင်းဝင်နေရာများ အများအပြားရှိနေကြောင်း သိခွင့်ရခဲ့ပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်

၅း၂၀ MRTV-4 သတင်း

၅း၅၀ "နာတာသိရုံနဲ့ဝိပဿနာမဖြစ်ဘူး" တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)

၆း၄၀ ကံကူထွန့်ခေါင်ပိတ်ချင်းမြောင်

၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၉)**

၇း၃၀ MRTV-4 သတင်း

၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၇)**

၈း၅၅ ပျော်စရာကြီး Live Show (အပိုင်း-၆)

၉း၂၅ ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန မန္တလေးမြို့ ရှင်အပါး(၁၁၀၀)သာသနာ့အမွေခံ ရှင်သာမဏေစုပေါင်းရှင်ပြု အလှူတော်မင်္ဂလာ

၉း၄၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)

၁၀း၁၀ ယဉ်တကာ့ယဉ်

၁၀း၃၀ သွားမယ်စားမယ် (California Fusions Roll & Sushi)

၁၀း၅၀ ကူညီဒါနကုသိုလ်မျှ. . . ပုညသဟာယ

၁၁း၀၅ ပန်းချီပြခန်း (April Time)

၁၁း၂၀ Activities In The City (ကန့်လန့်ကာကြီးဖွင့်ပါဦး ဗီဒီယိုဇာတ်ကားကန်တော့ပွဲ ပေးပွဲအခမ်းအနား)

၁၁း၄၀ ဟိုတယ်လမ်းညွှန် (Hotel Ace Chaung ThaBeach)

၁၂း၁၅ ဒါနကုသိုလ်ပြုကြရာဝယ်. . .

၁၂း၂၅ ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ သက်တော်(၇၁)နှစ်ပြည့်မွေးနေ့ အမှတ်တရဂုဏ်ပူဇော်

၁၂း၄၀ မင်္ဂလာတိုက်(မှော်ဘီ)၏ သုမင်္ဂလ ဝိလာသိနီဓမ္မာရုံရေစက်ချ အလှူတော်မင်္ဂလာ

၁း၀၀ "နာတာသိရုံနဲ့ဝိပဿနာမဖြစ်ဘူး" တရားတော် (ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ)

၂း၀၀ MRTV-4 သတင်း

၂း၂၀ Goals of The Week

၂း၅၀ ပညာအလင်းနှင့် ယုံကြည်မှုတို့ အပ်နှင်းရာ. . . ပြင်ဦးလွင်စိုးစံမှာ

၃း၀၅ အလုံသင်္ဘောကျင်း၏တစ်နေ့တာ လုပ်ငန်းဆောင်တာများ

၃း၂၅ ရန်ကုန်မြင်ကွင်းကျယ် [အ. ထ. က(၃)ကြည့်မြင်တိုင် ကျောင်း၏စုပေါင်းသိက္ခာထပ် ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ]

၃း၄၅ (၅)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ နက္ခတ်ဗေဒင်ဆိုင်ရာ ဘွဲ့နှင်းသဘင်အခမ်းအနား

၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၄၇)**

၄း၅၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီဦးအောင်ခိုင်) (အပိုင်း-၄)

၅း၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၉)

၆း၀၀ MRTV-4 သတင်း

၆း၂၀ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ

၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၉၀)**

၇း၃၀ ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)

၈း၀၀ MRTV-4 သတင်း

၈း၂၅ Barclays Premier League (Sunderland Vs Fulham)

၁၀း၂၅ Kid's Show

၁၀း၅၅ Barclays Premier League (Chelsea Vs Tottenham)

၁၂း၅၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်"(အပိုင်း-၄၈)**

၁း၄၅ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာ မြင့်မောင်မောင်)

၂း၀၅ ရင်နှစ်ပန်းတို့လန်းစေချင် (ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]

၂း၁၅ ဆည်မြောင်းရဲ့အားမာန်. . . ပြိုင်းချောင်းရေလှောင်တမံ

၂း၂၅ ရသစုံလင်စိမ်းလဲ့တင်ရဲ့ပျိုးဥယျာဉ်

၂း၅၀ သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)

၃း၁၅ World of Knowledge (Seconds From Disaster; Meltdown in Chernobyl)

၄း၀၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်

၄း၃၀ မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်

၄း၄၀ ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ

၅း၀၀ အစီအစဉ်ပြီး။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆေးကုသမှုခံယူသူခေါင်းပေါ်သို့ ချွတ်ဆေးဖိတ်စဉ်ကျ၍ ဒဏ်ရာရ

ရန်ကုန် ဧပြီ ၂၉

ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက်နေ အမျိုးသမီးတစ်ဦးသည် သမီးဖြစ်သူနှင့်အတူ အလုံမြို့နယ် ဌာနာရပ်ကွက်ရှိ ပုဂ္ဂလိကဆေးခန်းတစ်ခုသို့ သွေးပေါင်ချိန်ရန်သွားရောက်ပြီး ဆေးခန်းရှေ့ထိုင်ခုံပေါ်၌ ထိုင်စောင့်နေစဉ် ဆေးခန်းပေါ်မှ ပလတ်စတစ်ဘူး တစ်ဘူး ဦးခေါင်းပေါ်သို့ ပြုတ်ကျလာပြီး ကြွေကြေးချွတ်ဆေးများဖိတ်စဉ်သဖြင့် အမျိုးသမီးကြီး၏ ဦးခေါင်းထိပ်၊ ယာရင်ဘတ်၊ လည်ပင်းတို့ကိုထိမှန်ကာ အရေပြားများ ပူလောင်ဒဏ်ရာရရှိခဲ့မှု တစ်မှု ဖြစ်ပွားခဲ့သည်။အမှုကိုအလုံမြို့နယ်ရဲစခန်းက (ပ) ၅၈/၂၀၁၁ ပြစ်မှုပုဒ်မ ၃၃၇အရ အရေးယူထားကြောင်းသိရသည်။ (၁၁)

ဘိုကလေး၌ မိုးသက်လေပြင်းတိုက်ခတ်၍ စက်လှေနစ်မြုပ်

ဘိုကလေး ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပျဉ်ဘိုးကြီးကျေးရွာ၊ စက်ဆန်းကျေးရွာ၊ ရွှေချောင်းဝကျေးရွာတို့၌ ဧပြီ ၁၀ ရက်က မိုးသက်လေပြင်း ရုတ်တရက်တိုက်ခတ်သွားခဲ့သဖြင့် အိမ်အချို့ပျက်စီးကာ မြစ်ထဲတွင် ဖားကူးစက်လှေတစ်စင်း နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။ (၁၇၂)

ကျန်းမာသန့်စွမ်းမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် မေ ၂၉

နိုင်ငံတည်ဆောက်ရာ၌ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပညာတတ်ရန် လိုအပ်ကြောင်း၊ ပညာတတ်မှသာ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိမှာဖြစ်ကြောင်း၊ ကျန်းမာသန့်စွမ်းမှသာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရောဂါမဖြစ်ခင် တားဆီးနိုင်ရန်အတွက် ကွင်းဆင်းပြီး ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ဆေးစစ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပါက ပြည်သူလူထုကျန်းမာရေး ကြိုတင်ကာကွယ်မှု အသိပညာများရ၍ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ ကျဆင်းလာမှာဖြစ်ကြောင်းဖြင့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်က မေ ၂၇ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ သမားတော်များ၊ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံစဉ် မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော သံဃာတော်အရှင်သူမြတ်များအား နဝကမ္မအလှူငွေများနှင့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်၍ တိုးချဲ့နှစ်ထပ်ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မွန်းလွဲပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ သတ္တမအကြိမ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းအစည်းအဝေးသို့ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်းနှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာ ဟောပြောပွဲပါရှိမည်ဖြစ်ရာ တက်ရောက်သူ အသင်းဝင်များအတွက် CPE နာရီ ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

- ၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၂။ အဖွင့်သီချင်း
- ၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၅၁)
- ၁၂း၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -အသစ်ဖြစ်သွားသော ရင်ခုန်သံ (နေတိုး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
- ၁း၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၆၂)**

ညပိုင်း

- ၄း၀၇ ၁။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၂။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၃။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၂၇ ၄။ မြန်မာသံစဉ်
- ၄း၃၀ ၅။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ ၇။ ကုန်သွယ်သုတ
- ၄း၅၅ ၈။ သတိနှင့်တိုးမည့်ပိုးဖလံများ
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
- ၆း၄၀ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း(အပိုင်း-၄)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ လူရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၀)**
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၄၉)**

✳သင့်ကျန်းမာရေးမှ

အသည်းလုပ်ငန်းဆောင်တာ မှန်ကန်ကောင်းမွန်စေခြင်းနှင့် ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

လက်ဖက်ရည်ကြမ်းကို အရွယ်ရောက်သူတိုင်း တစ်နေ့ လေးငါးခွက်ခန့် သောက်သုံးသင့်ကြောင်း၊ ရောဂါတစ်ခုခုရှိပါက တတ်ကျွမ်းနားလည်သည့် ဆရာဝန် သမားတော်များနှင့် တိုင်ပင်ပြီးမှ သောက်သုံးသင့်ကြောင်း သိရသည်။ အချို့သော အနောက်တိုင်းဆေးများသည် လက်ဖက်ရည်ကြမ်းဖြင့် တွဲမသောက်သင့်သဖြင့် မည်သည့် အနောက်တိုင်းဆေးမဆို လက်ဖက်ရည်၊ ရေနွေးကြမ်းများနှင့်တွဲ၍ မသောက်လျှင် အကောင်းဆုံးဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ လက်ဖက်ခြောက် အမျိုးအစား မြောက်မြားစွာကို ရရှိနိုင်ပေသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံမှူး လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Gao Hua လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး Mr.Gao Hua သည် ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့နှင့် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံရေးထိုးထားသော နားလည်မှုစာချွန်လွှာများကို နှစ်အလိုက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်ခရီးသွားဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ကို မေ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် သိပ္ပံစိုးမြင့်နိုင်၊ ကျော်ဝင်းမောင်(ကျောက်မဲ)၊ ဝင်းယုမောင်တို့၏ ကဗျာများ၊ ရွှေကိုဦး၏ ကာတွန်းလက်ရာများ၊ ဓမ္မာစရိယ ဦးခင်မောင်၊ ခင်မြန်မာ၊ မြတ်ဆွေ၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)၊ မင်းယုဝေ၊ မောင်မောင်စံဒွေး၊ ဒေါက်တာဒေါ်စိုးသူ၊ မောင်ခိုင်ဇော်၊ ပြည်စိုး၊ မောင်ခင်မင်(ဓနုဖြူ)၊ ဝမ်းနိုင်းနိုင်း၊ စသူတို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ်သတင်းများ၊ နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ဝယ်ယူရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၇၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

● ဂျပန်မှ

ဂျပန်နိုင်ငံသည် စက်ရုပ်နည်းပညာ တိုးတက်သည့်နိုင်ငံဖြစ်သော်လည်း မိမိတို့နိုင်ငံရှိ စက်ရုပ်ပညာရှင်များမှာ နေအိမ်သုံးစက်ရုပ်များနှင့် လူတုစက်ရုပ်များ ထုတ်လုပ်ရန်သာ အာရုံစိုက်ခဲ့ကြကြောင်း ဟီရိုစဲရှီဂိုးက ပြောကြားသည်။

ဂျပန်ဈူကလီးယား ဘေးအန္တရာယ်လုံခြုံရေး နည်းပညာဗဟိုဌာနသည် မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမား ဈူကလီးယားဓာတ်အားစက်ရုံ၌ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကို လေ့လာစောင့်ကြည့်နိုင်ရန် Monirobo အမည်ရှိ စက်ရုပ်တစ်ရုပ်ကို အသုံးပြုလျက်ရှိသည်။

အဏုမြူဓာတ်ရောင်ခြည်ဒဏ်ကို ခံနိုင်စွမ်းရှိသော စက်ရုပ်အများအပြားကို လိုအပ်လျက်ရှိကြောင်း ဆန်ဒိုင်းမြို့ရှိ တိုဟူကူးတက္ကသိုလ်မှ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းသုံးစက်ရုပ် ထုတ်လုပ်ရေးကျွမ်းကျင်သူပညာရှင် ဆာတိုရှီတာဒိုကိုရိုက ပြောကြားသည်။ ***အင်တာနက်။***

❑သဘာဝဘေးမှ

သဘာဝဘေးအန္တရာယ်များ အချိန်မရွေးကြုံတွေ့နိုင်သည့် ကာလဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယခု မွမ်းမံသင်တန်းသည် သဘာဝဘေးအန္တရာယ်နှင့် အများဆုံး ကြုံတွေ့ရနိုင်သည့် ဒေသများကို အဓိက ဦးစားပေးခေါ်ယူပြုလုပ်ပေးခြင်းဖြစ်ပြီး ကျန်ရှိနေသည့် ဒေသများကိုလည်း ဆက်လက်၍ ခေါ်ယူသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အသက်ကယ်ဆယ်ရေးအဖွဲ့ (Rescue Team) များကို မီးသတ်ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်အသီးသီး၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဖွဲ့ ၁၄၁ဖွဲ့၊ ဦးရေအားဖြင့် ၁၆၁၉ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရသည်။ ***ချစ်ဝင်းမြတ်***

မေလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် မေ ၂၉

တင်လှဝင်းထင်၏ ပန်းချီလက်ရာနှင့်အတူ မောင်စိမ်းနောင်(လယ်ဝေး)၊ မင်းယုဝေ၊ ညွန့်ဝေ(ကသာ)၊ကို (တက္ကသိုလ်)၊ စလင်းဘုန်းကျော်၊ တောသားကြီးလှုနိုင်၊ ရွှေမြိုင်ပြုံးလဲ့မော်၊ မြတ်လွှမ်းနောင် (ပုတီးကုန်း)၊ ရေနံ့သာ မောင်ကျော်ညွန့်တို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ တင်အောင်နီ၊ ငွေကြည်၊ မြေဇာ၊ စည်သူကျော်၊ မောင်မောင်ညက်တို့၏ ကာတွန်းလက်ရာများ အပါအဝင် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မောင်ခင်မင်(ဓနုဖြူ)၊ တက္ကသိုလ်တင်ခ၊ ပီကျော်ဟန်၊ ကျော်ကျော်လင်းအောင်၊ မောင်စူးစမ်း၊ ညောင်ဦးဖိုးချိုတို့၏ စာပေရေးရာနှင့် သုတရသဆောင်းပါးများ၊ မမြတ်လေး၊ ဌေးမောင်၊ ခင်ဆွေလတ်၊ မောင်မိုးစည်၊ ကိုမိုးဆင့်၊ မိုးပန်းမွန်(ရာမည)၊ ဘသက်ဆွေတို့၏ ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း(၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃၊ ၅၄၄၈၉၄ (ဖြန့်ချိရေး) တို့သို့ ဆက်သွယ်မှာကြားနိုင်သည်။ (သတင်းစဉ်)

ခရီးသွားအက်ဆေး

ငွေကုန်တော့သက်သာ ... သို့သော်

ကိုယ်ရတဲ့ဝင်ငွေနဲ့ ကိုယ်လောက်အောင် သုံးဖို့ကြိုးစားကြည့်တော့ စာအုပ်ဖိုးနဲ့ လက်ဖက်ရည်ဖိုးက လျှော့မရ။ မုန့်ပဲသရေစာကတော့ ဘာဆိုဘာမှမစား။ သူများကျွေးတာတောင် မတည့်လို့ ညာပြောရ၊ ဘာပဲပြောပြော အသုံးအဖြုန်းအကျင့်ကို ဖြတ်နေရာက ဖြတ်တစ်ဖြတ်အောင်မြင်။

နောက်ချွေတာရေးကို လုပ်ကြည့်မိတာက သွားလာရေးကိစ္စ။ လိုင်းကားနဲ့သွားရင် နေ့တိုင်း ရုံးသွားရုံးပြန် ငွေ ၄၀၀ ကုန်။ ရထားနဲ့သွားရင် အသွားအပြန် ငွေ ၂၀ ပဲကုန်ကျမှာမို့ နေ့တိုင်းရထားနဲ့ သွားမယ်လို့ စိတ်ကူးမိ။

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျား။ သဃ်န်းကျွန်း-တိုးကြောင်ကလေး-ရွာသာကြီး သွားမယ့်ရထားဟာ အမှတ် (၆) စင်္ကြံသို့ ဆိုက်ရောက်လာပြီး ၅ နာရီ ၁၀ မိနစ်အချိန်တွင် ထွက်ခွာပါလိမ့်မယ် . . ." ဟူသော နှိုးဆော်သံကြားရသော အခါ စင်္ကြံ (၆) သို့ ခရီးသည်တွေ ရောက်ရှိလာ။ တိုးသူတိုး၊ တက်သူတက်။ ဒီနေ့ထိုင်ခုံတွေမှာ လူကျဲကျဲရှိတာမြင်ရလို့ ဝမ်းသာမိ၊ ဟန်ကျတာပဲဆိုပြီး မတ်တတ်ရပ်ရင်း ထိုင်စရာ နေရာရလိုရငြား စောင့်ကြည့်မိ။

နိုင်ငံတော်ကပြေးဆွဲပေးတဲ့ ရထားတွေမှာ ရထားစီး ခရီးသည်တွေ စည်းကမ်းတကျ နေရာယူမယ်ဆိုရင် ရထားစီးရတာ သက်သောင့်သက်သာရှိမည်ဖြစ်။ ယခုတော့ ထိုင်ခုံမှာ ခြေဆန့်ပြီး သူများမထိုင်အောင် တစ်ယောက်တည်းက သုံးယောက်စာနေရာကိုယူ။ တချို့ကန့်လန့်ထိုင်ပြီး နှစ်ယောက်စာယူ။ ဒါတင်မက။ အဆွယ်အပွားတွေကိုခေါ်ပြီး ဈေးခြင်းတောင်းတွေကို ခရီးသည်ထိုင်မယ့်နေရာမှာ ချထားကြ။ နေရာတစ်နေရာရရေး အမျိုးမျိုးကြိုးစားကြည့်သော်လည်း အချည်းအနှီးသာဖြစ်ရ။ ထိုအထဲ ဂျာနယ်အမျိုးမျိုးကို လက်ပွေ့သည်၊ အိုးပါတဲ့ ဗယာကြော်သည်က သူ့အဖော်နဲ့ လမ်းလယ်တည့်တည့်မှာ စကားတပြောပြော။ ရထားစီးခရီးသည်တွေက ဗယာကြော်အိုးနဲ့ မတိုက်မိအောင်၊ ဂျာနယ်ထုပ်ကြီးနဲ့ မတိုးမိအောင် အတော်ရှောင်။ စာရေးသူကတော့ နေရာဘယ်မှာရမလဲလို့ မျက်စိကိုဖွင့် နားကိုစွင့်။ မတ်တတ်ကနေ ခရီးလမ်းတစ်ဝက်ကျိုးလာ။

တွဲအလယ်လမ်းတည့်တည့်မှာ ကတ်ကြေးသွေးကိရိယာခြေနင်းခုံကို အလယ်မှာချပြီး ခပ်တည်တည် ထိုင်နေတဲ့သူကြောင့် လိုရာသွားမယ့်ခရီးသည်တွေ အတော်အခက်တွေ့။

လာပြန်သေး။ "ဆေးလိပ် ကွမ်းယာ စီးကရက်၊" "ဆေးလိပ် ကွမ်းယာ စီးကရက်" နဲ့ တကြော်ကြော် အော်တဲ့လူက အတင်းတိုးရင်း ရထားတွဲမှာ လျှောက်သွားနေတာကလည်း တစ်မျိုး။ ငှက်ပျောသီးရောင်းသူ၊ မြေပဲပြုတ်ရောင်းသူ၊ ငုံးဥပြုတ်ရောင်းသူတွေကလည်း ဟိုကြည့်ဒီကြည့် လူးလာခေါက်ခါ။

ခရီးစဉ်အရ ဘူတာကြီး၊ ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်းအထိ ရောက်လာ။ စာရေးသူ နေရာမရ။ စောစောက နေရာယူထားတဲ့သူတွေကိုကြည့်တော့ နေရာယူထားဆဲ။ ဘယ်သူကမှလဲ မပြော၊ အားနာလို့ မပြောတဲ့ ခရီးသည်တွေခမျာ ညှပ်ပူးညှပ်ပိတ်။

သဃ်န်းကျွန်းဘူတာမှာ ထိုထိုလူတွေဆင်းသွားတော့ ရထားချောင်လာလိမ့်မယ်လို့ထင်ရ။ အလယ်မှာတော့ နည်းနည်းချောင်လို့ မွန်းကျပ်မှုသက်သာသွား။ ငမိုးရိပ်၊ တိုးကြောင်ကလေး ဘူတာထိရောက်လာတာတောင် နေရာမရသေး။ ရွာသာကြီးရောက်တော့မှ နေရာယူထားသူတွေ ဆင်းသွားလို့ စာရေးသူနေရာရ။ သို့သော် ရွာသာကြီးဘူတာက --- စာရေးသူဆင်းမည့်နေရာ။

ရထားနဲ့သွားရတာ စရိတ်လည်းသက်သာ၊ လူလည်းသက်သာ။ သို့သော် နိုင်ငံကြီးသားမပီသသူတွေကြောင့် ခရီးသည်များ စိတ်မချမ်းသာ။ ကားပေါ်တွင် ဆေးလိပ်မသောက်ရသကဲ့သို့ ရထားပေါ်တွင်လည်း ဆေးလိပ်သောက်တာ ရှောင်ရှားသင့်။ ဆေးလိပ်အနံ့မျိုးစုံကိုလည်း ရှူရှိုက်ခဲ့ရ။ ရထားစီးသူတိုင်းကလည်း စည်းကမ်းရှိရှိ စီးစေချင်။ နိုင်ငံတော်က သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ပေးသလို ရထားစီးသူကလည်း စည်းကမ်းရှိရှိ စီးကြမယ်ဆိုလျှင် ရထားစီးခရီးသည်အားလုံးအတွက် စိတ်ချမ်းချမ်းသာသာ သက်သောင့်သက်သာ။ ခြိုးခြံချွေတာရေးမှုကိုင်စွဲလို့ ကားစရိတ် ကျပ် ၄၀၀ သက်သာဖို့ ကျပ် ၂၀ တန် ရထားစီးမိတာ "ငွေကုန်တော့ သက်သာ . . . သို့သော်"။

ရွှေခိုင်သိန်း(ဘဏ်)

မြန်မာနိုင်ငံ ဘီလိယက်နှင့်စနူကာ အဖွဲ့ချုပ်မှကြီးမှူး၍ Logic Myanmar Co.,LTD မှတာဝန်ယူစီစဉ်ကျင်းပသော

ABC Billiards & Snooker Challenge Cup-2011

၂၀၁၁- မေလ (၂၀) ရက်

Apex Billiards & Snooker Centre

Sponsor by Myanmar Brewery LTD

ဘီလိယက်အကြီးတန်း	စနူကာအကြီးတန်း	စနူကာအငယ်တန်း
ပထမ - ၅၀၀,၀၀၀ ကျပ်	ပထမ - ၅၀၀,၀၀၀ ကျပ်	ပထမ - ၃၀၀,၀၀၀ ကျပ်
ဒုတိယ - ၃၀၀,၀၀၀ ကျပ်	ဒုတိယ - ၃၀၀,၀၀၀ ကျပ်	ဒုတိယ - ၂၀၀,၀၀၀ ကျပ်
တတိယ- ၂၀၀,၀၀၀ ကျပ်	တတိယ- ၂၀၀,၀၀၀ ကျပ်	တတိယ- ၁၀၀,၀၀၀ ကျပ်

စိတ်ပါဝင်စားသူတိုင်း အဖွဲ့ချုပ်ရုံးနှင့် Apex Club (နှာနတ်တောလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်)တွင်
၂၀၁၁-မေလ (၁၅)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

နေပြည်တော် စိန်တလုံးသရက်ဇုန် ရာသီအချိန်မီစိုက်ပျိုးရန် နှိုးဆော်ခြင်း

နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲ/ယာ တစ်လျှောက်၌ စိန်တလုံးသရက်စိုက်ပျိုးရေး သီးသန့်ဇုန်ခြံများ ဖော်ထုတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ချထားပေးသော မြေကို လေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၍ ပထမနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း စိုက်ပျိုးသွားရန်နှင့် နောက်ဆုံးနှစ်တွင် စိုက်ပျိုးမြေများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပထမနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သော ၃၀ ရာခိုင်နှုန်းကို ယနေ့အထိ လုပ်ငန်းများ စတင်ဆောင်ရွက်သူများ ရှိသကဲ့သို့ လုံးဝလုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသူများလည်းရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် စိန်တလုံးသရက် စိုက်ပျိုးရန်အတွက် ယခုအချိန်တွင် မြေဖော် တောရှင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ပျိုးပင်များကို အချိန်မီစုဆောင်းပြီး ရာသီအမီ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကယ်၍ ရာသီအချိန်မီ စိုက်ပျိုးခြင်းမပြုသော သရက်ဇုန် ခြံမြေကွက်များကို နေပြည်တော် စိန်တလုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးပြီး စိန်တလုံးသရက်စိုက်ပျိုးရန် ချထားပေးသော အမည်စာရင်းမှ ပယ်ဖျက်၍ အခြားအမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများကို မြေနေရာ ပြန်လည်ချထားသွားမည် ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

နေပြည်တော်စိန်တလုံးသရက်စိုက်ပျိုးရေးဇုန်
ကြီးကြပ်မှုကော်မတီ

နွေရာသီ ဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် (၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ၏ အုပ်စုအလိုက် ပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက ဆိပ်ဖူးတောင်(ခ)အသင်းကို ၄၆ မှတ်- ၂၄ မှတ်ဖြင့် နိုင်ပြီး (က)အုပ်စုမှ မိုးကုတ်အသင်းက CUPID GIRLS အသင်းကို ၄၀ မှတ်- ၁၂ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စုမှ COBRA အသင်းက KINGS အသင်းကို ၂၄ မှတ်- ၁၇ မှတ်၊ သံလွင်အသင်းက ကန္ဒာရဝတီ(ကယား)အသင်းကို ၇၆ မှတ်- ၄၅ မှတ်၊ (ခ)အုပ်စုမှ VENOM အသင်းက ဟသ်ာတအသင်းကို၆၅ မှတ်- ၁၃ မှတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)(က) အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)(ခ)အသင်းကို ၅၈ မှတ်- ၃၂ မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲတွင် KINGS အသင်းနှင့် သံလွင်အသင်း၊ ဟသ်ာတအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)(ခ)အသင်း၊ COBRA အသင်းနှင့် LEGACY (T.T.C)အသင်း၊ VENOM အသင်းနှင့် ဆိပ်ဖူးတောင်အသင်း၊ ကန္ဒာရဝတီအသင်းနှင့် မိုးကုတ်အသင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)(က)အသင်းနှင့် ချောင်းဆုံ(မွန်)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် သန့်ရှင်းရေး ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ဆင္ဒမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဂေါက်သီးကစားပွဲ ကျင်းပရေးကော်မတီမှ ကြီးမှူး၍ ဆင္ဒမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်ရာ ဂေါက်သီးဝါသနာရှင်အင်ဂျင်နီယာများ ပါဝင်ကစားကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ ယင်းပြိုင်ပွဲကို Main Sponsor အဖြစ် KABAR SERVICES Co.,LTD.က တာဝန်ယူမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ကံစမ်းမဲ (Lucky Draw) များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးရာတွင် ပါဝင်လိုသော ပုဂ္ဂိုလ်များအနေဖြင့် လက်ဆောင်ပစ္စည်းများကို ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးစိုးလွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း ၀၁-၅၁၉၆၇၃ Ext ၂၁၁နှင့် ဦးခင်အေး ရုံးအဖွဲ့မှူး AGTI ကျောင်းသားဟောင်းများအဖွဲ့ ဖုန်း-၀၁-၅၁၉၆၈၃ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။(ကြေးမုံ)

ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာနှင့် မော်ရင်ဟိုတို့၏အရှုပ်တော်ပုံ ယူအီးအက်ဖ်အေကို အလုပ်ရှုပ်စေခဲ့ပြီ

မက်ဒရစ် မေ ၂၉

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာနှင့် မော်ရင်ဟိုတို့၏ အရှုပ်တော်ပုံများ ပေါ်ပေါက်လာခဲ့ရာ ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ကို အလုပ်ရှုပ်စေခဲ့ပြီဖြစ်သည်။ ထိုအရှုပ်တော်ပုံနှင့် ပတ်သက်၍ ယူအီးအက်ဖ်အေက စုစုပေါင်း စွဲချက်ခြောက်ချက်ဖြင့် စွဲချက်တင်ခဲ့ပြီး တစ်ပတ်အတွင်း လေ့လာဆုံးဖြတ်သွားမည်ဟုဆိုသည်။

အရန်ဒိုင်အား စောဒကတတ်နေသည့် မော်ရင်ဟို။

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့၏ ဒုတိယပွဲစဉ်အဖြစ် ကြာသပတေးနေ့ နံနက်ပိုင်းက ဘာနေဗျူးကွင်း၌ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းတွင်း၊ ကွင်းပြင် ပြဿနာပေါင်းစုံဖြင့် ကြုံတွေ့ခဲ့ရသည်။ ပြိုင်ပွဲကျင်းပနေစဉ်အတွင်း ရီးယဲလ်မက်ဒရစ် အသင်းနည်းပြ မော်ရင်ဟို က ဒိုင်အဖွဲ့ကို ဝေဖန်ခဲ့သည့်အပြင် ကိုယ်ဟန်အမူအရာဖြင့်ပါ လှောင်ပြောင်ခဲ့သည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင်လည်း မီဒီယာများသို့ မော်ရင်ဟို၏ ပြောကြားချက်များမှာ လက်ခံနိုင်ဖွယ် မရှိဟုဆိုသည်။

ဝေဖန်ခဲ့

မော်ရင်ဟိုသည် အဆိုပါပွဲတွင် ပွဲချိန် ၆၁ မိနစ်၌ ပီပီအနီကတ်ပြ ထုတ်ပယ်ခံရခြင်းအပေါ် များစွာမကျေမနပ် ဖြစ်လျက်ရှိကာ ဒိုင်လူကြီးများသည် ဘာစီလိုနာဘက်သို့ ဘက်လိုက်သည်ဟုဆိုခဲ့သည်။ ယင်းအပြင် ဘာစီလိုနာ နည်းပြ ဂွါဒီယိုလာကိုလည်း ပြင်းပြင်းထန်ထန် ဝေဖန်ထိုးနှက်ခဲ့ပြန်သည်။ ဂွါဒီယိုလာအနေဖြင့် သန့်ရှင်းသော ချန်ပီယံလိဂ်ဆုဖလားတစ်လုံးကို ရစေချင်သည်ဟု မော်ရင်ဟိုက ထပ်မံပြောဆိုခဲ့သည်။

ပြည်ပ အားကစားသတင်းများ

မော်ရင်ဟိုအား ပွဲကြည့်စင်တွင် တွေ့ရစဉ်။

ဎင်းကပင် ဆက်လက်၍ ဘာစီလိုနာအနေဖြင့် အကျီစပွန်ဆာမှ ရသည့်ငွေကြေးကို ယူနီဆက်သို့ ပေးလှူနေခြင်းကြောင့် ယူအီးအက်ဖ်အေ၏ အလေးပေးခြင်းကို ခံနေရသည်လောဟု ဝေဖန်ခဲ့သေးသည်။

ဝက်ဘ်ဆိုက်တင်

ဘာစီလိုနာအသင်းကမူ ပွဲမတိုင်မီနှင့် ပွဲအပြီးတို့တွင် မော်ရင်ဟို၏ ပြောစကားများနှင့်ပတ်သက်၍ ယူအီးအက်ဖ်အေသို့ စွဲချက်တင်နိုင်ရန် ဘုတ်အဖွဲ့အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြသည်။ ရီးယဲလ်မက်ဒရစ် အသင်းဘက်ကလည်း အဆိုပါပွဲတွင် ဘာစီလိုနာ ကစားသမားပက်ဒရိုနှင့် ဘတ်ကွက်စ်တို့၏ ဟန်ဆောင်လှဲချမှု၊ ပြင်းထန်သည့် ဒဏ်ရာရဟန်ပြုမူခဲ့မှုတို့ကို ပေါ်လွင်စေမည့် ဗီဒီယိုပြကွက်များကို ဝက်ဘ်ဆိုက်တင်ခဲ့သည်။

ယူအီးအက်ဖ်အေသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့မှ ဖြစ်ရပ်များကို စွဲချက် ခြောက်ချက်ဖြင့် ရုံးတင်စစ်ဆေးသွားမည်ဖြစ်သည်။ အဆိုပါစွဲချက်များမှာ ရီးယဲလ်မက်ဒရစ်အသင်း ပရိသတ်များ ကွင်းအတွင်းသို့ မီးကျည်မီးပန်းများဖြင့် ပစ်ပေါက်ခြင်း၊ နှစ်ဖက်ကစားသမားများ၏ ကွင်းအတွင်း ဖြစ်ပျက်ခဲ့သော ပြဿနာများ၊ ပီပီ၏ အနီကတ်ပြဒဏ်၊ မော်ရင်ဟို၏ကွင်းအတွင်း ပြုမူပုံများ၊ ပွဲအပြီး မီဒီယာများသို့ ပြောကြားခဲ့သော မှတ်ချက်စကားများနှင့် အနီကတ်ပြသခံရသော ဘာစီလိုနာအသင်းမှ အရန်ဂိုးသမား ပင်တို၏ အပြုအမူများတို့ပင် ဖြစ်သည်။

မော်ရင်ဟိုသည် ၎င်း၏အပြုအမူ၊ အပြောအဆိုများကြောင့် ခြောက်ပွဲ

ဒရော့ဘာလက်သစ် လူကာကူကို ခေါ်ယူရန် ချယ်လ်ဆီး သဘောတူညီမှုရရှိ

လန်ဒန် မေ ၂၉

အင်္ဂလိပ် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးသည် အန်ဒါလက်ချ်အသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး ရိုမီလူလူကာကူကို ပေါင် ၁၈ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟုသိရသည်။

ချယ်လ်ဆီးအသင်းသည် လာမည့် နွေရာသီ ဈေးကွက်ဖွင့်ချိန်တွင် အသက် (၃၀) ကျော်လာပြီဖြစ်သည့် ဒရော့ဘာကို ရောင်းထုတ်ရန် စီစဉ်ထားပြီးဖြစ်သည်။ ယင်းအပြင် အနယ်လ်ကာ မှာ လည်း အသက် အရွယ်ရလာပြီဖြစ်၍ ပုံမှန် ခြေစွမ်း ပြသနိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် ဒရော့ဘာ လက်သစ်ဟု တင်စားထားသည့် ရိုမီလူလူကာကူကို ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ လူကာကူသည် အသက် (၁၇)နှစ်သာ ရှိသေးသော်လည်း အန်ဒါလက်ချ် အသင်းတွင် ခြေစွမ်းပြလျက်ရှိနေသည်။ ဎင်းသည် အန်ဒါလက်ချ် အသင်းတွင် ၈၇ ပွဲကစားထားကာ ၃၅ ဂိုးသွင်းပေးထားသည်။

အင်တာနက်။

ချယ်လ်ဆီးက ခေါ်ယူမည့် ဒရော့ဘာလက်သစ် ရိုမီလူ လူကာကူ။

ခန့်အထိ ပွဲပယ်ပြစ်ဒဏ်ကျခံရဖွယ်ရှိနေပြီး ၂၀၀၅ ခုနှစ် ချယ်လ်ဆီးအသင်းကို ကိုင်တွယ်စဉ်ကလည်း ဒိုင်လူကြီးကို ဝေဖန်ခဲ့၍ နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ် ခံခဲ့ရသေးသည်။ **အင်တာနက်။**

ဟန်သစ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဂျပန်၌ ရေဒီယိုသတ္တိကြွအညစ်အကြေးရှင်းလင်းရန် ကမ္ဘာ့နိုင်ငံများက စက်ရုပ်များထောက်ပံ့ကူညီ

စက်ရုပ်နည်းပညာအင်တာနက်သတင်း ➤ ဘာသာပြန်-တက်လူ

တိုကျို မေ ၂၉

မြေငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်တို့ကို တွေ့ကြုံခဲ့ရပြီးနောက် အဏုမြူဓာတ်ရောင်ခြည်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ဂျပန်နိုင်ငံ၌ ရေဒီယိုသတ္တိကြွအညစ်အကြေးများ သုတ်သင်ရှင်းလင်းနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများက စက်ရုပ်များ ထောက်ပံ့ကူညီပေးရန် ပြင်ဆင်လျက်ရှိကြသည်။

အမေရိကန်နိုင်ငံ မတ်ဆာချူးဆက်ပြည်နယ်အခြေစိုက် အိုင်ရိုဘော့ကုမ္ပဏီသည် Warrior အမည်ရှိ စက်ရုပ်နှစ်ရုပ်နှင့် Packbot အမည်ရှိ စက်ရုပ်နှစ်ရုပ်တို့ကို ဂျပန်နိုင်ငံသို့ ပေးပို့လိုက်ပြီဖြစ်သည်။ ယင်းစက်ရုပ်များအား အသုံးပြုကာ ဓာတ်ရောင်ခြည်ညစ်ညမ်းမှုရှိသည့် ဒေသများ၌ ဓာတ်ရောင်ခြည်သင့်ရောက်မှု အခြေအနေကို တိုင်းတာမည်ဖြစ်သည်။

ဂျာမနီနိုင်ငံသည် ဂျပန်နိုင်ငံ၌ နျူကလီးယား အရေးပေါ်အခြေအနေကို တုံ့ပြန်နိုင်ရန် အရွယ်အစားမျိုးစုံပါဝင်သော စက်ရုပ် ၁၂ ရုပ်ကို ပေးပို့ရန် ပြင်ဆင်လျက်ရှိသည်။ ယင်းစက်ရုပ်များသည် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကို ခုခံကာကွယ်နိုင်စွမ်းရှိကြောင်း တိုကျိုနည်းပညာတက္ကသိုလ်မှ စက်ရုပ်ပညာသုတေသီ ဟီရိုစဲရှိဂိုးကပြောကြားသည်။

အလားတူပင် ပြင်သစ်နိုင်ငံကလည်း ဂျပန်နိုင်ငံသို့ စက်ရုပ်များ ပေးပို့ရန် ပြင်ဆင်လုပ်ကိုင်လျက်ရှိသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**●

ရေဒီယိုသတ္တိကြွ အညစ်အကြေးရှင်းလင်း သုတ်သင်သည့် လုပ်ငန်း၌ စက်ရုပ် အကူအညီဖြင့် ဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၉ - ၅ - ၂၀၁၁

ရွှေဘို	၃	ဒသမ	၁၅	လက်မ
မြောက်ဦး	၃	ဒသမ	၀၇	လက်မ
ကျောက်တော်	၂	ဒသမ	၆၄	လက်မ
မိုးကုတ်	၂	ဒသမ	၄၀	လက်မ
မုံရွာ	၂	ဒသမ	၂၄	လက်မ
လားရှိုး	၁	ဒသမ	၈၉	လက်မ
မောင်တော	၁	ဒသမ	၅၃	လက်မ
မင်းဘူး	၁	ဒသမ	၃၄	လက်မ
ဟားခါး	၁	ဒသမ	၃၃	လက်မ

သဘာဝဘေးကြုံတွေ့လာပါက လျင်မြန်စွာဆောင်ရွက်နိုင်ရေး ကယ်ဆယ်ရေးအဖွဲ့များအား မွမ်းမံသင်တန်းပေးခဲ့

မကြာမီကာလတွင် မုတ်သုံအကြိုကာလရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ရာ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များလည်း ကျရောက်လာနိုင်ခြေများသည့် ကာလဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်အများဆုံးကြုံတွေ့နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုမှ မီးသတ်တပ်ဖွဲ့ဝင်များအား သဘာဝဘေးလျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မွမ်းမံသင်တန်းကို ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ မေ ၂၃ ရက်မှ မေ ၂၇ ရက်ထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးတို့မှ ကယ်ဆယ်ရေးအဖွဲ့(Rescue Team)ခေါင်းဆောင် ၆၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းသည် မုတ်သုံအကြိုရာသီဥတုကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မိုးသက်လေပြင်းများ ကျရောက်ခြင်း၊ မိုးတိမ်တောင်များမှ စိုက်ဆင်းလေပွေများနှင့် လေဆင်နှာမောင်းများကျရောက်ခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ မုန်တိုင်းအရှိန်ကြောင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် မုန်တိုင်းဒီရေအန္တရာယ် တွေ့နိုင်ခြင်းစသည့် **စာမျက်နှာ ၁၀ ကော်လံ ၃ သို့**❑

ယနေ့ဖတ်စရာ

သင့်ကျန်းမာရေးနှင့် လက်ဖက်ရည်ကြမ်း

ရန်ကုန် မေ ၂၉ ။ ။ *မြန်မာနိုင်ငံ၌ လက်ဖက်ခြောက် ခတ်ထားသော လက်ဖက်ရည်ကြမ်း(ရေနွေးကြမ်း)ကို ရှေးယခင်ကတည်းက စွဲမြဲစွာ သောက်သုံးခဲ့ကြသည်။ လက်ဖက်ခြောက်ဟုဆိုရာ၌ လက်ဖက်ပင်မှရရှိသော လက်ဖက်ရွက်ကို အခြောက်ခံ၍ ပွက်ပွက်ဆူနေသောရေနှင့် ရောလိုက်ပါက အရောင် အနံ့ အရသာရှိသော လက်ဖက်ရည်ကြမ်းကို ရရှိသည်။*

လက်ဖက်ရည်ကြမ်း၌ ဆေးဖက်ဝင် ဓာတ်ပစ္စည်းပေါင်းများစွာ ပါဝင်နေကြောင်း သိရသည်။ လက်ဖက်ရည်ကြမ်းကို တစ်နေ့လျှင် သုံးလေးခွက် ပုံမှန်သောက်သုံးပါက အသက်ရှည်နုပျိုခြင်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ အဆီများချပေးခြင်း၊ နှလုံးနှင့် သွေးကြောရောဂါများမှ ကာကွယ်ပေးခြင်း၊ သွားနှင့် သွားဖုံး ကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ဆီးချိုသွေးချိုရောဂါကို သက်သာစေခြင်း၊ အရောင်ကျစေခြင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**✳